ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (14-2-2008) (၅၅၉၃)

အတ္တသမာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်

ကျွန်ုပ်တို့ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့လက်ပါးစေလက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီး၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပွဲကောက်ရေလှောင်တမံ တည်ဆောက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဇန်နဝါရီ ၂၁ရက် နံနက် ၁၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီးရှိ ပွဲကောက်ရေလှောင်တမံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ရပ်မှ ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း၌ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ▲



မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီးရှိ ပွဲကောက်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၂-၂၀၀၈
(ကြာသပတေးနေ့)

ဆက်သွယ်သွားလာမှုအကျိုးပြု တံတားများဖွင့်လှစ် ဒေသထွက်ကုန်များ လွယ်ကူစွာသယ်ယူရောင်းဝယ်နိုင်

နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျား ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေသည်။ ယင်းအကျိုးရလဒ်ကောင်းများကြောင့်ပင် နိုင်ငံတော်က လမ်းပေါင်းများစွာကို လက်ယှက်ထိုးဖောက်လုပ်ရင်း တံတားပေါင်းများစွာကိုလည်း တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်တွင် ဥရုမြစ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့သည့် ဥရုတံတားကို ဖေဖော်ဝါရီလ ၉ ရက်နေ့က ထပ်မံဖွင့်လှစ်လိုက်ပြန်သည်။ သံကူကွန်ကရစ်တံတား အောက်ထည် ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင် ပေ တစ်ထောင်ကျော်ရှည်သည်။

ဥရုတံတားသည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ အဓိကတံတားတစ်စင်းဖြစ်၍ စစ်ကိုင်းတိုင်းအထက်ပိုင်းမှ ထွက်ရှိသည့် ဆန်စပါး၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ပစ္စည်းများနှင့် တွင်းထွက်သယံဇာတများ လွယ်ကူစွာ သယ်ယူကုန်သွယ်နိုင်ကြမည်ဖြစ်သည်။

ထို့အပြင် စစ်ကိုင်းတိုင်းနှင့် နယ်မြေချင်းဆက်စပ် တည်ရှိနေသော ရှမ်း၊ ကချင်နှင့် နာဂတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ဒေသအသီးသီး၌ ဖွံ့ဖြိုးရေးအထောက်အကူပြု လမ်း၊ တံတားပေါင်းများစွာ ပေါ်ထွက်လာမှုနှင့်အတူ ကုန်သွယ်စီးပွားအခွင့်အလမ်းများ တိုးတက်ပွင့်လန်းလာလျက်ရှိနေရာ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ပဲခူးမြို့ ဥသျှောင်မြို့သစ် ပညာမွန်ကျောင်းတိုက် မနောမယပဒမြားစေတီတော် ရွှေဆေးသင်္ကန်းကပ်လှူရန်၊ ဒသမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလပြည့်နေ့၌ ကျင်းပရန်နှင့် စတုဒိသာကျွေးမွေးရန်အတွက် ဦးသိုင်းဝင်း (သီရိသုဓမ္မမဏိဇောတဓရ)-ဒေါ်ဌေးဌေးညွန့်(သီရိသုဓမ္မသီဂီ) BTB ကုမ္ပဏီ မိသားစု အလုံမြို့နယ် ရန်ကုန်က အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ပညာမွန်ဆရာတော် ဘဒ္ဒန္တ ပညာသာမိက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ ဦးအောင်သာထွန်း(ခ) ဦးငန်းကျား-ဒေါ်မမြဦးမိသားစုက ဦးအောင်သာထွန်း(ခ)ဦးငန်းကျား၏ မွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား

နန္ဒနေဦးပါနေဇမ္မသာလာ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း လမ်းသွယ်(၃) အမှတ်(၅/၇)တွင် တည်ဆောက်ပြီးစီးသွားသော နန္ဒနေဦးပါနေဇမ္မသာလာ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ အဆောက်အအုံရှေ့ရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် နာယက အလှူရှင် ဦးနန္ဒက အဆောက်အအုံ ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဝမ်းမြောက်စကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်နာယက ဦးကူလ်ဒစ်၊ အလှူရှင် ဦးနန္ဒနှင့် ဒေါ်ကာလာဝသီတို့က နန္ဒနေဦးပါနေ ဓမ္မသာလာအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက နန္ဒနေဦးပါနေဓမ္မသာလာအဆောက်အအုံ ကမ္ပည်းကျောက်စာမော်ကွန်းနှင့် စာတန်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

နန္ဒနေဦးပါနေ ဓမ္မသာလာ အဆောက်အအုံကို အလှူရှင်ဦးနန္ဒနှင့် ဇနီး ဒေါ်ကာလာဝသီ မိသားစုတို့က ငွေကျပ် သိန်း ၇၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို နန္ဒနေဦးပါနေဓမ္မသာလာ အဆောက် **အအုံ ကမ္ပည်းကျောက်စာ မော်ကွန်းနှင့် စာတန်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း(ဗဟန်း ၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅ နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများသည်လည်းကောင်း၊ ၂၀၀၆-၂၀၀၇ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း၊တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများသည် ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀၊ ဦးကြိုင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၃၇၀၅၆၃ နှင့် ဒေါ်ဥ(အမှုဆောင်)ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

ကွမ်းခြံကုန်းဆန်ခါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာသိကောင်းစရာများ ဆွေးနွေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့ခွဲလေးဖွဲ့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား အားပေးစကား ပြောကြားခြင်း၊ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောခြင်း၊ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိအမျိုးသမီးကလေးများသင်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာသင့်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၉၆၀၀၀ နှင့် အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်းနှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်းတို့က ငွေကျပ် ၄၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၄၆၀၀၀ တန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူများသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာ ဆရာမများက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် လိုက်နာရမည့် သိကောင်းစရာများကို ဆွေးနွေးဟောပြော ပို့ချကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်းနှင့် ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်းတို့က အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

(၁၀)ရှိ ပဒေသာမြို့သစ် အော်တိုတယ်လီဖုန်းအိပ်ချိန်းရုံးသို့ ရောက်ရှိကြပြီး အဆိုပါရုံးအနီး၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က ပြင်ဦးလွင်မြို့ အဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံတန်းများ တည်ဆောက်မည့်အခြေအနေနှင့်ပတ်သက်၍ ဆက်စပ်လျက်ရှိသော အစိုးရရုံး အဆောက်အအုံများ၊ လူနေအိမ်ခြေများအခြေအနေတို့ကို အဆိုပြုပုံနှင့်ချပုံစံမြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပဒေသာမြို့သစ် အော်တိုတယ်လီဖုန်း အိပ်ချိန်းရုံးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဒိုးကွင်စိုက်ပျိုးရေးခြံသို့ရောက်ရှိပြီး ဆေးဖက်ဝင်သစ်ခွများကို တိုင်ဖြင့်လည်းကောင်း၊ ချိတ်ဖြင့်လည်းကောင်း၊ အိုးဖြင့်လည်းကောင်း သရုပ်ပြစိုက်ပျိုးထားမှုနှင့် သစ်ခွပင်ပေါက်များကို အသီးမှ မျိုးပွားခြင်း၊ ထပ်ဆင့်မျိုးပွားခြင်း၊ အညွန့်မှမျိုးပွားခြင်းအဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နိုင်ငံခြားတင်ပို့ရန် ဆေးဖက်ဝင် သစ်ခွခြောက် ပြုလုပ်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်း၊ မြက်သစ်ခွ၊ ဆလပ်နီ၊ ဆလပ်စိမ်း၊ ဆလပ်ထုပ်စိမ်း၊ မင်သော်(ပရုတ်အေး)၊ ဆေးသကြား၊ ဒေါနရွှေဝါအပ်များ ပြသထားမှုတို့ကိုလည်းကောင်း၊ သစ်ခွပျိုးရုံ(၁၊၂၊၃)တို့တွင် အောင်မြင်ဖြစ်ထွန်းနေသည့် သစ်ခွပျိုးပင်များကိုလည်းကောင်း၊ လျှပ်စစ်အလင်းပေးစနစ်ဖြင့် မျိုးပွားခန်းအတွင်း သစ်ခွမျိုးပွားနေမှုတို့ကိုလည်းကောင်း၊ စိုက်နည်းစနစ်များဖြစ်သည့် ဘောင်စနစ်၊ တန်းစနစ်၊ ချိတ်ဆွဲစနစ်တို့ဖြင့် စိုက်ပျိုးထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါသစ်ခွခြံအတွင်း ဆင်လမ်းဆည်မှ ရရှိသောရေဖြင့် ငါးကီလိုဝပ်ထွက်သည့် MICRO HYDRO POWER TURBINEလည်ပတ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆိုပါ ရေအားလျှပ်စစ်မှရရှိသည့် ဓာတ်အားဖြင့် သစ်ခွပျိုးခြံအတွင်းရှိ မျိုးပွားခြံတွင် လေးပေမီးချောင်း ၆၀ အသုံးပြု၍ သစ်ခွပင်ပေါက်များ မျိုးပွားဆောင်ရွက်နေကြောင်း သိရသည်။

ထို့နောက်တိုင်းမှူးသည် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ပိုးချည်စက်ရုံသို့ ရောက်ရှိပြီး ပိုးစီမံကိန်းပြခန်းအတွင်း လက်လုပ်ပိုးချည်၊ ခြေနင်းပိုးချည်၊ ပိုးဂွမ်း၊ ပိုးစာဝိုင်၊ ပိုးစာယို၊ ပိုးစာအားတိုးဆေးနှင့် ပိုးချည်ကိုအသုံးပြု၍ အဝတ်အထည်များ ထုတ်လုပ်ထားရှိမှု၊ ပိုးမွေးသည့်အခန်းအတွင်း လျှပ်စစ်ဓာတ်အားအသုံးပြု၍ ကြိမ်ဖိုင်များတွင် ပိုးကောင်များ မွေးမြူထားရှိမှုနှင့် ပိုးကောင်များမှ ပိုးချည်များ ရစ်ထုတ်နေမှု၊ ပိုးအိမ်ဖြုတ်ခြင်းနှင့် ပိုးအိမ်ပြုတ်ခြင်းလုပ်ငန်းအတွင်း ပိုးအိမ်များမှ ပိုးချည်ရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ရတနာပုံမြို့သစ်ရေပေးဝေရေးအတွက် ဆင်လမ်းချောင်းမှရေကို အသုံးပြုကာ ဂါလန်တစ်သိန်းဆံ့ အနည်ထိုင်ကန် တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရတနာပုံမြို့သစ် သောက်သုံးရေနှင့်ပတ်သက်၍ ယခုလက်ရှိတွင် စည်သာရေကူတမံမှ ရေဖြင့် ဆောင်ရွက်ပေးနေပြီး ယခုအနည်ထိုင်ကန် တည်ဆောက်မှုပြီးစီးပါက နေ့စဉ် ရေဂါလန်နှစ်သန်းခန့်ကို ရတနာပုံမြို့သစ်သို့ ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေပါရမီ ပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ အောင်မြင်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ဦးဆောင်မှုဖြင့် ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့မှ ဦးစီးကျင်းပသော ပထမအကြိမ် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်း ဓမ္မာရုံကြီး၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသည်။

စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ဟူ၍ အဆင့်သုံးဆင့်ပါရှိရာ အဆင့်တိုင်းတွင် ပထမနေ့၌ ဝိနည်းဘာသာ၊ ဒုတိယနေ့၌ အင်္ဂုတ္တိုရ်ဘာသာ၊ တတိယနေ့၌ ဓမ္မပဒဘာသာတို့ကို ပါဠိတော်၊ အဋ္ဌကထာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်အဓိပ္ပာယ်တို့ဖြင့် ဖြေဆိုကြရသည်။

ဇန်နဝါရီ ၂၇ ရက်တွင် အောင်စာရင်းထုတ်ပြန်ရာ တတိယဆင့်တွင် ၂၃ ပါး၊ ဒုတိယဆင့်တွင် ၄၂ ပါး၊ ပထမဆင့်တွင် ၉၉ ပါး အောင်မြင်တော်မူကြသည်။ ဘွဲ့နှင်းသဘင်နှင့် စာအောင်ပူဇော်ပွဲအခမ်းအနားကို သထုံမြို့ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ တတိယဆင့်အောင်မြင်သူများကို ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရအကျော်ဘွဲ့နှင့် နဝကမ္မကျပ်တစ်သိန်းစီ၊ ဒုတိယဆင့်အောင်မြင်သူများကို အောင်လက်မှတ်နှင့် နဝကမ္မကျပ်ငါးသောင်းစီ၊ ပထမဆင့်အောင်မြင်သူများကို အောင်လက်မှတ်နှင့် နဝကမ္မကျပ်နှစ်သောင်းစီ လှူဒါန်းပူဇော်၍ သီးခြားအပိုဆုများအဖြစ် အဆင့်တိုင်းတွင် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်း အသီးသီး ချီးမြှင့်ပူဇော်သည်။ လှူဒါန်းမှုအစုစုတို့အတွက် တိပိဋကယောဆရာတော်ကြီးက အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီးလျှင် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုအောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (က-ပ)

(၂၈)ကြိမ်မြောက် ဓမ္မာစရိယ၊ ပထမပြန်နိကာယ်ငါးရပ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအထူးအောင် ပုဂ္ဂိုလ်များအား မဟာဘွဲ့နှင်းသဘင် မန္တလေးမြို့၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၂၈)ကြိမ်မြောက် ဓမ္မာစရိယ၊ ပထမပြန်နိကာယ်ငါးရပ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအထူးအောင် ပုဂ္ဂိုလ်များအား မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကထံမှ ဉဏ့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က သမ္မောဒနီယသာရဏီယ သြဝါဒကထာကို မိန့်ကြားတော်မူသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့က မကွေးဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ အသီးသီး လျှောက်ထားကြသည်။

ထို့နောက် မဟာဘွဲ့နှင်းသဘင် အထူးအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်ရာ တိုင်းမှူးက ဓမ္မာစရိယတန်းတွင် အဂ္ဂမဟာအကျော်ရရှိသော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မဌာနကျောင်းမှ အရှင်အဂ္ဂသီလ၊ ဒုတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်မှ အရှင်ပညာသီဟာလင်္ကာရနှင့် ဧရာဝတီတိုင်း ဟင်္သာတမြို့ ရတနာဗိမာန်ကျောင်းမှ ဦးတေဇနိယတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက ပထမကြီးတန်းတွင် ပထမကျော်ရရှိသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သစ် စည်ရှင်ကျောင်းမှ အရှင်ဣန္ဒကဝိသေဌာလင်္ကာရ၊ ဒုတိယရရှိသော ဧရာဝတီတိုင်း ညောင်တုန်းမြို့ တောင်ညိုကျောင်းတိုက်မှ အရှင်အဘိဇနှင့် တတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက်မှ ဦးပညာသေဌာလင်္ကာရတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်သည်။

ယင်းနောက် မြို့တော်ဝန်က ပထမလတ်တန်းတွင် ပထမရရှိသော စစ်ကိုင်းမြို့နယ် မြစကြာကျောင်းတိုက်မှ အရှင်သူရိယာလင်္ကာရ၊ ဒုတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်မှ အရှင်ကုသလာလင်္ကာရနှင့် တတိယရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ရှင်တေဇောဘာသာလင်္ကာရ တို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များကို ဆက်ကပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက ပထမငယ်တန်း၊ ခုဒ္ဒကနိကာယ (ဝိနယပိဋက)ဝိနည်းငါးကျမ်း၊ ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်း၊ သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုတ်သုံးကျမ်း၊ အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက)သုတ်သုံးကျမ်း၊ ခုဒ္ဒကနိယာယ (အဘိဓမ္မပိဋက) ပထမပိုင်း နှစ်ကျမ်း၊ ပထမ၊ ဒုတိယ၊ တတိယရရှိသော သံဃာတော်များနှင့် ခုဒ္ဒကနိကာယ (ဝိနယပိဋက)မဟာဝိဒူဝိနည်း၊ အဋ္ဌကထာသုံးကျမ်းအောင် သံဃာနှစ်ပါး၊ ဒီဃနိကာယ (သုတ္တန္တပိဋက)၊ ဒီဃနိကာယ အဋ္ဌကထာ အောင်မြင်သော သံဃာတစ်ပါးတို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ဆက်ကပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး၏ ဇနီးနှင့် တာဝန်ရှိသူများက ဓမ္မာစရိယတန်း၊ ပထမတန်း၊ ပထမငယ်တန်းတို့တွင် ပထမရရှိကြသူများ၊ ဝိသုဒ္ဓိမဂ် အထူးအောင်နှင့် ဂုဏ်ထူးဖြင့် အထူးအောင်မြင်ကြသူများအား ဘွဲ့တံဆိပ်များ ဆက်ကပ်ကြသည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓမ္မာစရိယ ပါဠိဂုဏ်ထူးအောင် သံဃာတော်ရှစ်ပါး၊ ဓမ္မာစရိယ အောင်သံဃာတော် ၄၁၄ ပါး၊ သီလရှင်အပါး ၃၀၊ ဓမ္မာစရိယ အထူးအောင် သီလရှင်တစ်ပါး၊ ပထမကြီးတန်း အထူးအောင် အမျိုးသမီးတစ်ဦး၊ ပထမလတ်တန်း အထူးအောင် သီလရှင်တစ်ပါး၊ ပထမငယ်တန်း အထူးအောင် သီလရှင်တစ်ပါး၊ နိကာယ်အထူးအောင် သီလရှင်တစ်ပါး၊ အဘိဓမ္မာ အထူးအောင် သီလရှင်တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် ဂုဏ်ထူးဆောင် အထူးအောင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ဝိသုဒ္ဓိမဂ်အထူးအောင် အမျိုးသမီးသုံးဦးတို့အား ဆုတံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၉ရက်က ကျင်းပသော သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၇) မူ/လွန်ကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် လူမှုထူးချွန်ပထမဆင့်ရ ဆရာမ ဒေါ်မော်မော်ဦး(အလယ်တန်းပြ)အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းနိုင် ဆုချီးမြှင့်စဉ်။ (က-ပ)

ရွှေမန်း ဦးသောဘိတ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/တောင်(၁၁)ရပ်ကွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် (၄၉)အဝါရောင်ကားဂိတ်အနီး ကန်ဦးကျောင်းတိုက်၏ ပဓာန နာယက နိုင်ငံကျော်ဓမ္မကထိက ရွှေမန်းဦးသောဘိတသည် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ ပြည်လုံးချမ်းသာရုပ်ရှင်တော်မြတ်ကြီး၏ (၁၀၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဓမ္မသဘင်၌ တပို့တွဲလဆန်း ၉ရက်၊ ၁၀ရက်ညများတွင် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် နယ်တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ၊ တရားဟောဓမ္မကထိက ဆရာဦးသိန်းဆွေ(ခနေဖြူ)နှင့် အရန်တရားဟောဓမ္မကထိကများသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မရက္ခိတဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၁၆ရက်မှ ၂၂ရက်အထိ ဖျာပုံမြို့နယ် သလိပ်ကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မတ် ၇ရက်မှ ၁၃ရက်အထိ၊ ဖျာပုံမြို့ အသောကာရာမ(ဒွါရ)ကျောင်း၌ မတ် ၁၅ရက်မှ ၂၁ရက်အထိ၊ ဘိုကလေးမြို့နယ် ဘုရားသုံးဆူကျေးရွာဓမ္မာရုံ၌ မတ် ၂၃ရက်မှ ၂၉ရက်အထိ မဇ္ဈိမပဋိပဒါကျင့်စဉ် ဓမ္မာနုပဿနာ တရားပွဲများကို ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဟောကြားပြသပေးမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူ ယောဂီများသည် နီးစပ်ရာတရားစခန်းများသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိဘကျေးဇူးဆပ် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် စံပြကန်တောင်ကျေးရွာ၌ မိဘကျေးဇူးဆပ် ထေရဝါဒ အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ရက်တွင် သန်လျင်တောရ ယင်းတော်မင်းကျောင်းဆရာတော် ဟိတေသီနေလအရှင်နိပုဏ၊ ဖေဖော်ဝါရီ ၁၇၊၁၈ ရက်တွင် သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာမှ ပဓာန နာယကဆရာတော် ဒေါက်တာအရှင်ကောဝိဒတို့က ညစဉ် ၆နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရွှေသန်လျင်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာနနာယက သာသနာ့ဓဇ ဓမ္မာစရိယ ဝိနိယဝိဒူ နယ်လှည့်သာသနာပြု ဓမ္မကထိက ရွှေသန်လျင်ဆရာတော် အရှင်မေဃိယသည် ဖေဖော်ဝါရီ ၁၄၊၁၅ရက်များတွင် ပုဂံတောင် အုတ်ဖိုလ်မဟာစည် နှစ်(၅၀)ပြည့် အထူးဓမ္မသဘင်၊ ၂၁ရက်တွင် ရွှေသန်လျင်ဆရာတော်၏ (၃၂)ပြည့်မွေးနေ့သဘင်၊ ၂၂၊ ၂၃ရက်တွင် ကျုံပျော်မြို့ ကြို့ကုန်း ဗုဒ္ဓပူဇနိယဓမ္မသဘင်၊ ၂၄ရက်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ ဗုဒ္ဓပူဇနိယဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ ဆရာတော် ဖုန်း-၀၉၅၁-၈၅၀၀၄၊ သန်လျင်ဖုန်း-၀၅၆-၂၁၄၀၅၊ မြေနီကုန်း မစိုးရိမ်စာသင်တိုက် ဖုန်း-၀၁-၅၃၇၉၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၅၂၇)

အနောက်ဖိအားပေးမှုကို အီရန်ပြည်သူတို့ မမှု တော်လှန်ရေးနေ့၌ ပြည်သူများအင်အားပြ

တီဟီရန် ဖေဖော်ဝါရီ ၁၂

နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန်အနောက်နိုင်ငံများ၏ ဖိအားပေးမှုကို မမှုကြောင်း ပြသသည့်အနေဖြင့် ထောင်ပေါင်းများစွာသော အီရန်ပြည်သူတို့သည် (၂၉) ကြိမ်မြောက် အစ္စလာမ့်တော်လှန်ရေး အခမ်းအနားကို တနင်္လာနေ့က ဆင်နွှဲကြသည်။

ထုတ်လွှင့်

အနောက်နိုင်ငံများ၏ ဖိအားပေးမှုကို ရင်ဆိုင်ကြရာတွင် အီရန်ပြည်သူတို့ သွေးစည်းညီညွတ်ကြောင်း ပြသရန်အတွက် တော်လှန်ရေးအခမ်းအနားသို့ ပြည်သူအများ တက်ရောက်ရန် အီရန်တာဝန်ရှိသူများက ဆော်သြခဲ့သည်။ အီရန်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ကျင်းပသော အခမ်းအနားများကို နိုင်ငံပိုင် ရုပ်သံလွှင့်ဌာနက တိုက်ရိုက်ထုတ်လွှင့်ပြသသည်။ ပြည်သူများက အနောက်နိုင်ငံများအား ဆန့်ကျင်ကြောင်း ကြွေးကြော်ခဲ့ကြသည်။

အနောက်နိုင်ငံများက အီရန်နိုင်ငံသည် နျူကလီးယားဗုံးရရှိရန် တိတ်တဆိတ်ကြိုးပမ်းနေသည်ဟု စွပ်စွဲနေသည်။ အီရန်ကမူ နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ကြီးမားလာမှုကို ဖြည့်ဆည်းပေးရန် နျူကလီးယား နည်းပညာ လိုအပ်သည်ဟု ပြောသည်။

ယခုကဲ့သို့ လူထုအခမ်းအနားကို ကြည့်ပြီး အနောက်နိုင်ငံများသည် ၎င်းတို့၏ဆန္ဒကို အီရန်ပြည်သူတို့အား ရိုက်သွင်း၍ မရနိုင်ကြောင်း နားလည်သဘောပေါက်သင့်သည်ဟု အီရန်ပြည်သူတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

အီရန်နိုင်ငံသည် ၎င်း၏အခွင့်အရေးများကို လက်လွှတ်ခံလိမ့်မည် မဟုတ်ကြောင်း အမေရိကန်တွေ ယုံကြည်သင့်သည်၊ နားလည်သင့်သည်ဟု အခြားအီရန်ပြည်သူတစ်ဦးကလည်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံ နာတန့်အရပ်ရှိ ယူရေနီယံ အားဖြည့်လောင်စာ ထုတ်လုပ်ရေးစက်ရုံကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ် ပြည်ပနို့ချက်စက်ရုံများ ပြည်သူပိုင်သိမ်းမည်ဟု ပြောကြား

ကရာကတ်စ် ဖေဖော်ဝါရီ ၁၂

ဆွစ်ဇာလန်နိုင်ငံမှ ရက်ဆယ်ကုမ္ပဏီနှင့် အီတလီမှ ပါမာလက်ကုမ္ပဏီတို့က ဗင်နီဇွဲလားနိုင်ငံ၏ နွားနို့ထုတ်လုပ်ရေးလုပ်ငန်းဈေးကွက် ပျက်ပြားသွားစေရန် ဝင်ရောက်နှောင့်ယှက်ပါကယင်းကုမ္ပဏီပိုင် နွားနို့ချက်စက်ရုံများကို သိမ်းယူမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ယူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့က ခြိမ်းခြောက်ပြောကြားသည်။

ကြိုးပမ်းနေ

ပုဂ္ဂလိကကဏ္ဍကို နိုင်ငံတော်က ငွေကြေးထောက်ပံ့သည့် စီးပွားရေးလုပ်ငန်းများဖြင့် ဗင်နီဇွဲလားအစိုးရက ကျားကန်ပေးခဲ့ရင်းဖြင့် နွားနို့အပါအဝင် စားနပ်ရိက္ခာ အချိန်ကြာမြင့်စွာ ရှားပါးပြတ်တောက်မှု အဆုံးသတ်စေရန်အတွက် ချာဗက်ဇ်က ယခုနှစ်အတွင်း ကြိုးပမ်းနေလျက်ရှိသည်။

နွားနို့ရရှိရန်လုံးပန်းနေ

နိုင်ငံတော်နှင့် သမဝါယမ ထိန်းချုပ်ဆောင်ရွက်နေသည့် နွားနို့ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါကုမ္ပဏီများက ကုန်ကြမ်းဖြစ်သည့် နွားနို့ကို လက်ဝါးကြီးအုပ်နေကြသောကြောင့်ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

အစိုးရ နွားနို့ချက်စက်ရုံအတွက် ချက်စရာ နွားနို့မရှိတော့ကြောင်း၊ နက်ဆယ်နှင့် ပါမာလက်ကုမ္ပဏီတို့က သိမ်းကျုံးဝယ်ယူသွားသောကြောင့် ဖြစ်ကြောင်း၊ ယင်းကိစ္စအပေါ် တင်းကြပ်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်တပ်ဖွဲ့ဝင်များနှင့် အလုပ်သမားများ ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများပြင်ဆင်

ဂူဟန် ဖေဖော်ဝါရီ ၁၂

တရုတ်နိုင်ငံရှိ မြစ်သုံးသွယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တရုတ်နိုင်ငံအလယ်ပိုင်းရှိ လျှပ်စစ်ဓာတ်အားပေးကွန်ရက်သို့ ဆက်သွယ်ထားသည့် ဓာတ်အားလိုင်းကြိုးတပ်ဆင်ရန်အတွက် စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် အလုပ်သမား ၃၀၀၀ ခန့်သည် နှင်းများဖုံးအုပ်ထားသော တောင်တန်းများပေါ်တွင် ရေခဲတမျှအေးလှသည့် ရာသီဥတုကို အန်တုကာ ဆောင်ရွက်နေကြကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။

မိမိတို့က ကီလိုဗို့အား ၅၀၀ ရှိ ဓာတ်အားလိုင်းကြိုးကို ဖေဖော်ဝါရီလကုန်ပိုင်းတွင် တပ်ဆင်နိုင်ရန် ဆုံးဖြတ်ထားကြောင်း၊ စင်တီမီတာ ၆၀ ထုရှိ နှင်းဖုံးထားပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၀၀၀ခန့်ရှိ မတ်စောက်သည့် တောင်တန်းများပေါ်တွင် ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဟူဘေ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ အထွေထွေမန်နေဂျာ တန်ဝင်ကွမ်က ပြောကြားသည်။

ဆယ်စုနှစ်ငါးစုအတွင်းအဆိုးရွားဆုံးဖြစ်ခဲ့သည် နှင်းမုန်တိုင်းဘေးအန္တရာယ်ကြောင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုး ကီလိုမီတာ ၂၀ ခန့်နှင့် ဓာတ်အားပေးတိုင် ၂၇ ခု ပျက်စီးခဲ့ကြောင်း၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင် ၆၀၀ နှင့် ပြင်ဆင်ရေးအလုပ်သမား ၂၃၀၀တို့ကပျက်စီးသွားသည့် ဓာတ်အားလိုင်းကြိုးများ တပ်ဆင်နိုင်ရန်အတွက် တောင်တန်းတစ်လျှောက်ရှိ နှင်းနှင့် ရေခဲထုများကိုဖယ်ရှားပြီး လုပ်ငန်း ဆောင်ရွက်နေကြကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်းပြည်နယ်ရှိ နှင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းများအား ပြန်လည်ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချဒ်သူပုန်များနှင့် ဆူဒန်တပ်ဖွဲ့ တိုက်ခိုက် သူပုန်များက မြို့တစ်မြို့ကို သိမ်းယူကြောင်း ကြေညာ

အင်ဂျာမီနာ ဖေဖော်ဝါရီ ၁၂

ချဒ်သောင်းကျန်းသူများက ချဒ်အစိုးရ စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် အနီးအနားရှိ ဆူဒန်နိုင်ငံမှ ကြေးစားတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးခဲ့သည့်နောက် အရှေ့ပိုင်းဒေသရှိ မြို့တစ်မြို့ကို သိမ်းယူခဲ့ကြောင်း တနင်္ဂနွေနေ့က ပြောကြားပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် ချဒ်၏ အချက်အချာနေရာကို ယခုတိုင် ထိန်းချုပ်ထားလျက်ရှိကြောင်းကိုလည်း ပြောကြားလိုက်သည်။

ချဒ်သောင်းကျန်းသူများက မြို့တော် အင်ဂျာမီနာ၏ အရှေ့ဘက် ကီလိုမီတာ ၆၀၀ ခန့်ကွာဝေးသည့် အမ်တီမင်မြို့ကို တိုက်ခိုက်မှုအနည်းငယ်ဖြင့် သိမ်းယူခဲ့သည်ဟု သောင်းကျန်းသူ မဟာမိတ်အုပ်စု သုံးစု၏ ပြောရေးဆိုခွင့်ရှိသူ အလီအော်ဂျိုဟမ်ချီက ပြောကြားသည်။

အမ်တီမင်တွင် တနင်္ဂနွေနေ့က တိုက်ခိုက်မှုများ ဖြစ်ပွားသည်ဆိုသော ထုတ်ပြန်ချက်ကို မရရှိသေးပေ။

မိမိတို့စစ်ကြောင်းတစ်ကြောင်းက ချဒ်အရှေ့တောင်ပိုင်းရှိ အမ်တီမင်မြို့ကို သိမ်းပိုက်ပြီး လက်နက်ခဲယမ်းမီးကျောက်များ ရရှိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်မှုများ ကြီးကြီးမားမားမရှိဘဲ နာရီဝက်ခန့်သာ တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဆူဒန်ကြေးစား တပ်ဖွဲ့ဝင်များက ချဒ်တပ်ဖွဲ့ဝင်များနှင့် ရင်ပေါင်တန်းတိုက်ခိုက်ခဲ့ကြပြီး အမ်တီမင်မြို့ ကျသွားခဲ့ပြီးနောက်ပြင်သစ်စစ်လေယာဉ်များက သောင်းကျန်းသူ စခန်းများပေါ်တွင် ပျံဝဲနေကြောင်း၊ ပစ်ခတ်မှုမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်၌ ရွာသားများနှင့် နွားသူခိုးများ တိုက်ခိုက်မှုဖြစ်ပွား

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၂

ပါကစ္စတန်အရှေ့တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်က နွားသူခိုးများနှင့် ရွာသားများ တိုက်ခိုက်မှုဖြစ်ပွားရာ နွားသူခိုး ၁၃ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်းအေပီပီသတင်းဌာနက ဖော်ပြသည်။

နွားသူခိုး၂၀ ခန့်သည် ပန်ဂျပ်ပြည်နယ် ဆာလီဝဲလ်မြို့အနီး ဆာဒါနာဂျက်ပိုင်ခြံဝင်းသို့ နွားများကို ခိုးယူရန် ဝင်ရောက်လာစဉ် အလုပ်သမားများက တွေ့ရှိရာမှ တိုက်ခိုက်မှုဖြစ်ရကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို အေပီပီသတင်းဌာနက ဖော်ပြသည်။

အလုပ်သမားများ၏ အချက်ပေးမှုကြောင့် အခင်းဖြစ်ရာသို့ ရွာသားများရောက်ရှိလာပြီး နွားသူခိုးများနှင့် ရွာသားများ တိုက်ခိုက်မှု ဖြစ်ခဲ့သည်။

အခင်းဖြစ်ရာနေရာ၌ပင် နွားသူခိုး ၁၃ ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဒုတိယရဲထောက်လှမ်းရေးမှူး မာလစ်စ်ဒက်ဒ်က ပြောကြားသည်။

ကျန်နွားသူခိုးများသည် ထွက်ပြေးသွားသည်။ အလောင်းများကို ရင်ခွဲရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အခင်းဖြစ်ရာတစ်ဝိုက်ကိုလည်း ရဲများက ဝိုင်းရံထားပြီး နွားသူခိုးအဖွဲ့ဝင်များကို ရှာဖွေလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ချဒ်နိုင်ငံ အင်ဂျာမီနာမြို့တွင် စခန်းချထားသော ပြင်သစ်တပ်ဖွဲ့မှ သံချပ်ကာ ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သမ္မတကို လုပ်ကြံရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် အရှေ့တီမောတွင် အရေးပေါ်အခြေအနေကြေညာ

ဂျကာတာ ဖေဖော်ဝါရီ ၁၃

အရှေ့တီမောနိုင်ငံ သမ္မတ ရာမို့စ်ဟော်တာကို မအောင်မြင်သော လုပ်ကြံမှုဖြစ်ပွားခဲ့ပြီးနောက် အစိုးရအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက်က ၄၈ နာရီကြာ အရေးပေါ် အခြေအနေတစ်ရပ်ကို ကြေညာထားသည်။

အဆိုပါလုပ်ကြံမှုကြောင့် သမ္မတမှာ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသွားသည်။ အရေးပေါ်အခြေအနေ ကြေညာချက်ကို ယာယီသမ္မတအဖြစ် တာဝန်ယူထားသူ ဗီဆင်တီဂါတာရီစ်က ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာသွားခြင်းဖြစ်သည်။

ယခုအခါ ဒဏ်ရာရရှိသွားသူ သမ္မတဟော်တာသည် ဩစတြေးလျနိုင်ငံ၌ ဆေးဝါးကုသမှုခံယူနေဆဲဖြစ်၍ နိုင်ငံ၏ သမ္မတတာဝန်ကို ပါလီမန်ပြောရေးဆိုခွင့်ရှိသူ ဂါတာရီစ်အား ယာယီပေးထားခြင်းဖြစ်သည်။

တီမောနိုင်ငံသမ္မတအား လုပ်ကြံချိန်နှင့် မရှေးမနှောင်းတွင်ပင် ဝန်ကြီးချုပ် ဇာနာနားဂတ်စ်မာအို၏ ယာဉ်တန်းကိုလည်း ချိန်ကိုက်၍ တိုက်ခိုက်ခဲ့သော်လည်း ဝန်ကြီးချုပ်မှာ အသက်အန္တရာယ်မှ လွတ်မြောက်သွားခဲ့သည်။

သမ္မတအား လုပ်ကြံရန် ကြိုးစားသူမှာ သူပုန်ခေါင်းဆောင် အယ်လ်ဖရက်ဒိုရီနာဒိုဆိုသူဖြစ်သည်။ ၎င်းမှာ လုပ်ကြံမှုဖြစ်ပွားနေစဉ် တနင်္လာနေ့၌ပင် သေဆုံးသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့တီမောတွင် ဖြစ်ပေါ်နေသော အရေးပေါ်အခြေအနေကို ထိန်းသိမ်းရန် ရောက်ရှိနေသည့် ဩစတြေးလျနှင့် နယူးဇီလန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(အင်တာနက်)

အယ်လ်ဂျီးရီးယားတပ်ဖွဲ့ ပစ်ခတ်မှုကြောင့် စစ်သွေးကြွ ၁၇ ဦး သေဆုံး

အယ်ဂျီးယားစ် ဖေဖော်ဝါရီ ၁၃

အယ်လ်ဂျီးရီးယား အစိုးရတပ်ဖွဲ့များပစ်ခတ်မှုကြောင့် လက်နက်ကိုင်အုပ်စုမှ ၁၇ ဦး သေဆုံးကြောင်း၊ အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ချုံခိုတိုက်ခိုက်မှုကြောင့် အယ်လ်ဂျီးရီးယားတပ်ဖွဲ့ကို ကူညီ ပါဝင်သည့် ပြင်သစ်ရဲရှစ်ဦးသေဆုံးကြောင်း အင်္ဂါနေ့ထုတ် သတင်းစာတွင် ဖော်ပြသည်။

အယ်လ်ဂျီးယားစ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာရှိ အယ်လ်အိုယူပြည်နယ်တွင် ပြင်သစ်ရဲတပ်ဖွဲ့ကို ဖေဖော်ဝါရီ ၇ ရက်က တိုက်ခိုက်ခဲ့ကြောင်း အယ်လ်ခိုင်ဒါ စစ်သွေးကြွအုပ်စုက ပြောကြားသည်။

အယ်လ်ဂျီးယားစ်မြို့တွင် ဒီဇင်ဘာ ၁၁ ရက်က ဗုံးဖြင့် နှစ်ကြိမ်တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂ ဝန်ထမ်း ၁၇ ဦး အပါအဝင် အနည်းဆုံး ၄၁ ဦး သေဆုံးပြီးနောက် ဖေဖော်ဝါရီ ၇ ရက် ချုံခိုတိုက်ခိုက်မှုသည် အသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

ထိပ်တန်း သတင်းစာတစ်စောင်ဖြစ်သည့် အယ်ကဘာ နေ့စဉ်သတင်းစာ၏အဆိုအရ အယ်လ်ဂျီးရီးယားအစိုးရတပ်က ချုံခိုတိုက်ခိုက်သူ ငါးဦးကို အလျင်အမြန် သုတ်သင်နိုင်ခဲ့ကြောင်း၊ လေကြောင်းမှလည်း အထောက်အကူပြုတိုက်ခိုက်ခဲ့မှုကြောင့် အခြားတိုက်ခိုက်သူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း အာရပ်ဘာသာဖြင့် ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယား၏သမိုင်းအမွေ မုခ်ဦးကိုမီးရှို့သူ ဖမ်းဆီးမိပြီ

ဆိုးလ် ဖေဖော်ဝါရီ ၁၃

အမှုဖြစ်ပွားခဲ့ရာတွင်ရရှိသည့် လျော်ကြေးငွေကြေးပမာဏကို မကျေနပ်သည့်အတွက် နှစ်ပေါင်း ၆၀၀ ကျော်သက်တမ်းရှိ နိုင်ငံ၏ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် သစ်သားမုခ်ဦးကိုမီးရှို့သူ သက်ကျားအိုတစ်ဦးအား ဖေဖော်ဝါရီ ၁၂ ရက်တွင် ကိုရီးယားရဲတပ်ဖွဲ့က ဖမ်းဆီးရမိပြီဖြစ်သည်။

မီးလောင်သွားသော တောင်ကိုရီးယားနိုင်ငံ၏ သမိုင်းဝင်မုခ်ဦးသည် ဆိုးလ်မြို့ဟောင်း၏ တောင်ဘက်အဝင်တံခါးပေါက်ဖြစ်သည်။ အောက်ခြေအုတ်ခုံ၊ သစ်သားအပေါ်ထည်တို့ဖြင့် တည်ဆောက်ထားသော နှစ်ပေါင်း ၆၀၀ ကျော်မှ အဆောက်အအုံသည် တောင်ကိုရီးယားနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည်။

ထိုမုခ်ဦးကို မီးရှို့သူတရားခံမှာ အသက် (၆၉) နှစ်ရှိ ချေဆိုသူ အဘိုးအိုတစ်ဦးဖြစ်ကြောင်း နမ်ဒီမန်ရဲစခန်းမှ အကြီးအကဲ ကင်ယောင်ဆိုက ပြောကြားသည်။ ချေကို တနင်္လာနေ့က ဖမ်းဆီးမိခြင်းဖြစ်သည်။ အကယ်၍ မဖမ်းမိခဲ့လျှင် ၎င်းအနေဖြင့် နောက်ထပ်မီးရှို့မှုများကို ကျူးလွန်ရန် ကြံရွယ်ထားကြောင်း အစစ်ခံခဲ့သည်ဟု ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မီးလောင်ပျက်စီးသွားသော နမ်ဒေးမွန်မုခ်ဦးရှေ့တွင် စောင့်ကြပ်နေကြသော တောင်ကိုရီးယားရဲတပ်ဖွဲ့ဝင်များ။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာသတင်းများ

ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ပါးစေသော ဒီဇယ်ဆီ ဘတ်စ်ကားများသုံးစွဲရန် ဒူဘိုင်း၌စီစဉ်

အဘူဒါဘီ ဖေဖော်ဝါရီ ၁၃

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ ဒုတိယအကြီးဆုံး ဒူဘိုင်းဒေသ၌ ကုန်းလမ်းပို့ဆောင်ရေးဌာန (အာရ်တီအေ)သည် လေထုအရည်အသွေးသန့်စင်ရေးအတွက် ဘတ်စ်ကားများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးစေသောလောင်စာကို စတင်စမ်းသပ်သုံးစွဲလျက်ရှိသည်။

အဆိုပါ စမ်းသပ်ကာလသည် လေးလကြာမည်ဖြစ်ပြီး ပတ်ဝန်းကျင်မညစ်ညမ်းစေရန် ကားအင်ဂျင်မှထွက်သော အခိုးအငွေ့များကို လျှော့ချပေးသည့် ဓာတ်ကူပစ္စည်းသုံးကိရိယာ (အက်စ်စီအာရ်)တပ်ဆင်ထားသော ဘတ်စ်ကား ၁၀စီးဖြင့် စတင်စမ်းသပ်မည်ဖြစ်သည်။ ထိုစမ်းသပ်မှုတွင် ကန့်ဓာတ်နည်းပါးသော (သို့မဟုတ်) ကန့်ဓာတ်အပိုင်း ၅၀ သာပါဝင်သည့် ဒီဇယ်လောင်စာကို သုံးစွဲခြင်းဖြင့် နိုက်ထရိုဂျင်အောက်ဆိုက်ထုတ်လုပ်မှုကို လျော့ပါးစေမည်ဖြစ်သည်။

မျက်မှောက်ကာလတွင်လည်း ဒူဘိုင်း၌ အသုံးပြုနေသော ဒီဇယ်ဆီသည် ကန့်ဓာတ်အပိုင်း ၅၀၀ ပါရှိသည့် ဒီဇယ်ဆီအမျိုးအစားဖြစ်သည်။

၂၀၀၈ခုနှစ်၏ ပထမလေးလပတ်ကာလတွင် ဘတ်စ်ကားများ၌ ကန့်ဓာတ်အပိုင်း ၅၀သာပါဝင်သည့် ဒီဇယ်ကိုသုံးစွဲကြရန် စီစဉ်လျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် အင်အီဆာအလ်ဒိုဆာရီ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကန့်ဓာတ်နည်းပါးသည့်လောင်စာကို သုံးစွဲခြင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ပါးစေကြောင်း နိုင်ငံတကာလေ့လာချက်အရ သိရှိရသည်။

ဒူဘိုင်းတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပိုမိုလျော့ပါးစေသည့် ကန့်ဓာတ်အပိုင်း ၁၀ ပိုင်းသာပါဝင်သည့် ဒီဇယ်ကိုသုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟားမတ်စ်ခေါင်းဆောင်များကို အန္တရာယ်ပေးခဲ့ပါက တန်ဖိုးကြီးကြီးပေးဆပ်ရမည်ဟု ဟားမတ်စ်က အစ္စရေးကို သတိပေး

ဂါဇာ ဖေဖော်ဝါရီ ၁၃

ဟားမတ်စ်အဖွဲ့ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံတောင်ပိုင်းကိုပစ်မှတ်ထားကာ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက ဟားမတ်စ်အဖွဲ့ခေါင်းဆောင်များကို အန္တရာယ်ပေးခဲ့ပါက အစ္စရေးအနေဖြင့် တန်ဖိုးကြီးစွာပေးဆပ်ရမည်ဖြစ်ကြောင်း အစ္စလာမ္မစ် ဟားမတ်စ်အဖွဲ့က တနင်္လာနေ့တွင် သတိပေးပြောကြားလိုက်သည်။

တန်ဖိုးကြီးစွာပေးဆပ်ရမည်

အစ္စရေးကမိုက်မဲသည့်လုပ်ရပ် ကျူးလွန်ခဲ့ပါက တန်ဖိုးကြီးစွာပေးဆပ်ရမည်ဖြစ်ပြီး ဟားမတ်စ်အဖွဲ့ကလည်း မကြုံစဖူးထူးကဲစွာ တုံ့ပြန်ရမည်ဟု ဟားမတ်စ်အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ အဘူဇူရီကပြောကြားသည်။

ယင်းကဲ့သို့သောဖြစ်ရပ်ကို မိမိတို့ကနည်းလမ်းပေါင်းစုံဖြင့် ရွေးချယ်ကာ တုံ့ပြန်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဟားမတ်စ်ခေါင်းဆောင်များက လုံခြုံရေးကိစ္စနှင့်ပတ်သက်၍ တင်းကျပ်စွာစီစဉ်ဆောင်ရွက်နေကြောင်း၊ သို့ရာတွင် ယင်းအစီအစဉ်ဆောင်ရွက်မှုများကြောင့် မိမိတို့ခေါင်းဆောင်များ၏ အခန်းကဏ္ဍကို မည်သည့်နည်းနှင့်မျှ ပျောက်ကွယ်စေမည်မဟုတ်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန့်ကွက်ဆန္ဒပြ

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့ဌာနချုပ်ရှေ့တွင် ကန့်ကွက်ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်မိန်းကလေးငယ်ကို ကန်မရိန်းတပ်သားက အဓမ္မပြုကျင့်မှုရှုတ်ချ

တိုကျို ဖေဖော်ဝါရီ ၁၃

ဂျပန်နိုင်ငံ ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက အိုကီနာဝါမှ အရွယ်မရောက်သေးသော ဂျပန်မိန်းမငယ်လေးကို အမေရိကန်မရိန်းတပ်သားတစ်ဦးက အဓမ္မကျင့်မှုအား တနင်္လာနေ့က ရှုတ်ချကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မဆဟီကိုကိုမူရာက အန်အိတ်ချ်ကေ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဤဖြစ်ရပ်သည် အလွန်ကြေကွဲဖွယ်ရာဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ဤဖြစ်ရပ်မျိုးထပ်မံမဖြစ်ပွားရန် အမေရိကန်တို့ကို ပိုမိုစည်းကမ်းထိန်းသိမ်းကြရန် လိုကြောင်း တောင်းဆိုသွားသည်။

ဂျပန်အာဏာပိုင်များ အနေဖြင့် သက်သေအထောက်အထားနှင့် ဥပဒေအရ ဤကိစ္စကို အထူးအလေးအနက်ထားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

အမျိုးသားရေးခံစားချက် ရှုထောင့်မှကြည့်လျှင် ဤဖြစ်ရပ်သည် ဂျပန်-အမေရိကန် မဟာမိတ်ဖြစ်မှုကို ထိခိုက်စေကြောင်း၊ ဂျပန်တို့အနေဖြင့် ဒေါသပေါက်ကွဲမှုကို ထိန်းချုပ်နိုင်အောင် ကြိုးစားသွားမှာဖြစ်ကြောင်း ထပ်မံပြောကြားသည်။

အိုကီနာဝါအုပ်ချုပ်ရေးမှူး ဟီရိုကာဇူနကိုင်မက ဤရာဇဝတ်မှုကို ပြင်းထန်နာကျင်စွာခံစားရကြောင်း၊ အစော်ကားခံရသော မိန်းကလေးမှာ အလယ်တန်းကျောင်းသူလေးသာ ဖြစ်သည့်အတွက် လုံးဝခွင့်မလွှတ်နိုင်ကြောင်း ပြောကြားသည်။

ဤအမှုသည် အရွယ်မရောက်သေးသော မိန်းကလေးကို ဒုက္ခပေးလိုက်သဖြင့် လုံးဝခွင့်လွှတ်စရာမရှိကြောင်း အိုကီနာဝါမြို့တော်ဝန်က ပြောကြားသည်။

တနင်္ဂနွေနေ့ည ၁၀ နာရီခွဲခန့်တွင် ချာတန်မြို့လမ်းတစ်လမ်းပေါ်၌ ရပ်ထားသော ကားတစ်စီးပေါ်တွင် ၁၄နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးကို အဓမ္မစော်ကားကြောင်း သံသယမှုဖြင့် ၃၈နှစ်ရှိ အမေရိကန်တပ်ကြပ်ကြီး သရန်းဟက်နော့ကို ဖမ်းဆီးထားသည်။

ကနဦးစုံစမ်းစစ်ဆေးချက်အရ အိုကီနာဝါတွင် စောစောပိုင်းနှစ်နာရီလောက်က တပ်ကြပ်ကြီးနှင့်အဆိုပါ မိန်းကလေးတို့တွေ့ဆုံကြပြီး တပ်ကြပ်ကြီးက မိန်းကလေးကို ကားနှင့် အိမ်ပြန်ပို့ပေးမည်ဟု ဖြားယောင်းခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၀နှစ်ကျော်အတွင်း အမေရိကန်စစ်သား ၁၀၀ ခန့်ကို ဂျပန်မိန်းမပျိုတို့အား အဓမ္မပြုကျင့်မှုဖြင့် တရားစွဲဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာရေးရာသုံးသပ်ချက် ဆောင်းပါး နိုင်ငံတကာရေးရာသုံးသပ်ချက် ဆောင်းပါး

အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲ ဆင်တစ်စီးနှင့် မြည်းနှစ်ကောင်

လှိုင်အောင်

လေးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိတဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲဟာ ကမ္ဘာတစ်ဝန်းလုံးက အထူးစိတ်ဝင်စားခြင်းခံရတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ အကြောင်းကတော့ အမေရိကန်သမ္မတရွေးကောက်ပွဲဟာ အမေရိကန်ပြည်သူတွေက အမေရိကန်နိုင်ငံရဲ့ သမ္မတကို ရွေးကောက်တင်မြှောက်တာဖြစ်ပေမယ့် စူပါပါဝါ မဟာအင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ သမ္မတဟာ ကမ္ဘာ့နိုင်ငံတွေအပေါ်မှာ ဩဇာအာဏာသုံးပြီး လိုရင်လိုသလို၊ မလိုရင်မလိုသလို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်လို့ပါပဲ။

များသောအားဖြင့်ကတော့ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အဓိကပါတီကြီးနှစ်ခုဖြစ်တဲ့ ရီပတ်ဘလီကန်နဲ့ ဒီမိုကရက်ပါတီတွေက သမ္မတလောင်းတွေပဲ ပါဝင်ယှဉ်ပြိုင်ကြတာများပါတယ်။ တစ်ခါတစ်ရံကျမှသာ တစ်သီးပုဂ္ဂလသမ္မတလောင်းတွေ ပါဝင်ယှဉ်ပြိုင်ကြတာတွေ့ရပါတယ်။ အဓိကပါတီကြီးနှစ်ခုဟာ သမိုင်းအစဉ်အလာနဲ့ ကျောထောက်နောက်ခံ အင်အားစုတွေ ခြားနားမှုပေါ်မူတည်ပြီး မူဝါဒသဘောတရားနဲ့ အစိုးရအဖွဲ့က ချမှတ်ကျင့်သုံးတဲ့ ပြည်တွင်း ပြည်ပမူဝါဒတွေလည်း ခြားနားကွဲပြားသွားလေ့ရှိပါတယ်။

ပါတီအိုကြီး (Grand Old Party = GOP) လို့လည်းအမည်ရတဲ့ ရီပတ်ဘလီကန်ပါတီဟာ အမေရိကန်နိုင်ငံကို အင်္ဂလန်ကနေ ပထမဆုံး ပြောင်းရွှေ့ထွက်ခွာအခြေချလာခဲ့ကြတဲ့ လူဖြူအင်္ဂလို ဆက္ကဆွန်ပရိုတက်စတင့် (White Anglo Saxon Protestant=WASP) တွေကနေ ပေါက်ဖွားလာတာဖြစ်ပါတယ်။ မြေရှင်ယာရှင်၊ စက်မှုလုပ်ငန်းရှင်ကြီးတွေဖြစ်လာကြတဲ့ WASP တွေရဲ့ ကျောထောက်နောက်ခံနဲ့ဖွဲ့စည်းထားတာမို့ လူကုံထံပါတီ၊ သူဌေးတွေရဲ့ပါတီလို့လည်း ဆိုနိုင်ပါတယ်။ ဒီနေ့ ဒီအချိန်အထိလည်း ရီပတ်ဘလီကန်ပါတီကို ထောက်ခံအားပေးပြီး မဲဆွယ်ရန်ပုံငွေ အများဆုံးလှူဒါန်းနေတဲ့သူတွေဟာ မိုက္ကရိုဆော့ဖ်လို ကွန်ပျူတာကုမ္ပဏီကြီးတွေ၊ ဘိုးအင်းတို့ လော့ခ်ဟိမာတင်တို့လို စစ်လက်နက်ပစ္စည်းထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းကြီးတွေ၊ ရေနံကုမ္ပဏီကြီးတွေ စတဲ့ လုပ်ငန်းရှင်ကြီးတွေဖြစ်ပါတယ်။

ဒီမိုကရက်ပါတီကတော့ အများကြိုက်၊ လူထုအကြိုက်ပါတီလို့ဆိုနိုင်မယ့် (Populist Party)ကနေ တဖြည်းဖြည်း ဆက်ခံဆင်းသက်လာတာပါ။ စပြီးတည်ထောင်တုန်းက စက်ရုံအလုပ်ရုံတွေမှာ အလုပ်သမား၊ ဖိုမင်နဲ့ စာရေးစာချီအဆင့်တွေလောက်နဲ့ လုပ်ကိုင်စားသောက်ကြရတဲ့ အောက်ခြေလူတန်းစား အင်္ဂလိပ်သွေးမပါတဲ့ လူဖြူတွေနဲ့စခဲ့တာဖြစ်ပါတယ်။ အိုင်းရစ်ရှ်တွေ၊ အီတာလျံတွေနဲ့ တခြားဥရောပကုန်းမြေပေါ်က ကျေးတောသားတွေဟာ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ အမေရိကမှာ ရွှေ့ပြောင်းအခြေချ လုပ်ကိုင်လာကြရင်းနဲ့ ဒုတိယအဆင့် လူတန်းစားတွေဖြစ်လာကြတာပါ။ ကိုးကွယ်ယုံကြည်မှုကတော့ ရိုမန်ကက်သလစ်တွေ များကြပါတယ်။ နောင်အခါမှာ လူမည်းတွေ မဲပေးခွင့်ရကြတော့ လူမည်းတွေကလည်း ဒီမိုကရက်ပါတီကိုပဲ မဲပေးကြပါတယ်။ မက္ကဆီကိုနဲ့ တခြားလက်တင်အမေရိကဒေသတွေကနေ ဝင်ရောက်လာကြတဲ့ စပိန်စကားပြော လက်တီနိုတွေကလည်း ဒီမိုကရက်ပါတီရဲ့ မဲဘဏ်တိုက်တွေဖြစ်လာကြပါတယ်။ လူလတ်တန်းစားနဲ့ ဆင်းရဲသားတွေရဲ့မဲကို အားပြုရတဲ့ ဒီမိုကရက်ပါတီကို အမေရိကန်မှာ ဩဇာကြီးမားတဲ့ AFLCIO လို အလုပ်သမားသမဂ္ဂကြီးတွေက ကျောထောက်နောက်ခံပြုပေးပါတယ်။

ဒီလိုအစဉ်အလာနဲ့ ကျောထောက်နောက်ခံအင်အားစုတွေ ကွာခြားတာနဲ့အမျှ ပါတီကြီးနှစ်ခုရဲ့ ရပ်တည်ချက်နဲ့မူဝါဒတွေမှာလည်း အများကြီးကွာသွားလေ့ရှိပါတယ်။ ပြည်တွင်းရေးရာတွေကိုကြည့်ရင် ရီပတ်ဘလစ်ကန်ပါတီဟာ လုပ်ငန်းရှင်ကြီးတွေကို ကိုယ်စားပြုထားတာဖြစ်လို့ စီးပွားရေးလုပ်ငန်းတွေ ပိုပြီးတိုးတက်ကြီးပွားအောင် အခွန်အကောက်တွေ လျှော့ချပေးလေ့ရှိပါတယ်။ သူတို့ရဲ့အမြင်ကတော့ အခွန်တွေလျှော့ပေးရင် လုပ်ငန်းတွေဖွံ့ဖြိုးလာလို့ အလုပ်အကိုင်တွေပေါ်လာပြီး အလုပ်လက်မဲ့တွေလည်း လျော့ကျလာလိမ့်မယ်လို့ဆိုပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့ထောက်ပံ့ကြေးတို့ တခြား လူမှုဖူလုံရေးအစီအစဉ်တွေမှာ ငွေကြေးသိပ်မသုံးလိုကြပါဘူး။ ရီပတ်ဘလစ်ကန်တွေ အများဆုံးငွေကြေးသုံးတာကတော့ စစ်အသုံးစရိတ်မှာ ဖြစ်ပါတယ်။

ကာကွယ်ရေးအသုံးစရိတ်ဟာ အခုဘုရှ်လက်ထက်မှာ စုစုပေါင်းလိုက်ရင် ဒေါ်လာဘီလီယံလေးရာလောက်အထိ သုံးနေတာကိုတွေ့ရပါတယ်။ အဲဒီလို အခွန်တွေလျှော့ပြီး အသုံးစရိတ်တွေ တိုးသုံးတဲ့အတွက် ရီပတ်ဘလစ်ကန်တွေ လက်ထက်မှာ အမေရိကန်အစိုးရဘတ်ဂျက်ဟာ အကြီးအကျယ် လိုငွေတွေပြပြီး စီးပွားရေးကျလာလေ့ ရှိပါတယ်။

ရီပတ်ဘလီကန်တွေ အပိုသုံးခဲ့သမျှ ကုန်းကျုံးပြီး အကြွေးဆပ်ကြရတာကတော့ ဒီမိုကရက်တွေပါပဲ။ ဆင်းရဲသားတွေပိပိ အရနဲ့အသုံးကို စိစစ်ချွေတာတတ်ကြတဲ့ ဒီမိုကရက်တွေဟာ အစိုးရအသုံးစရိတ်ကိုလည်း ပိုငွေထွက်လာအောင် အသုံးစရိတ်တွေ လျှော့ချလေ့ရှိပါတယ်။ အထူးသဖြင့် ကာကွယ်ရေးအသုံးစရိတ်ကိုလျှော့ချလေ့ရှိပြီး ဆင်းရဲသားတွေအတွက် အလုပ်လက်မဲ့ထောက်ပံ့ကြေးတို့၊ ကျန်းမာရေးအာမခံတို့ စတဲ့ နေရာတွေမှာတော့ ပိုပြီးသုံးစွဲလေ့ရှိပါတယ်။ ဒါကြောင့် သူဌေးတွေက ဒီမိုကရက်ကို မကြိုက်ကြပေမယ့် အလုပ်သမားလူတန်းစားတွေကတော့ ဒီမိုကရက်တွေကို ထောက်ခံကြလေ့ရှိပါတယ်။ နိုင်ငံရေးမူဝါဒမှာလည်း ပိုပြီးပျော့ပျောင်းတဲ့ လစ်ဘရယ်ဝါဒကို စွဲကိုင်လေ့ရှိပြီး ဒီမိုကရေစီမှန်ရင် စစ်ကိုမလိုလားဘူးဆိုတဲ့ ဒီမိုကရက်တစ်ငြိမ်းချမ်းရေးဆိုတာကို မကြာခဏ ပြောလေ့ရှိပါတယ်။

ဒါပေမယ့် အခုခေတ်မှာတော့ ရီပတ်ဘလီကန်တွေကလည်း သူတို့ရဲ့ ကွန်ဆာဗေးတစ်အမြင်တွေကို လစ်ဘရယ်ဆားဖြူးပြီး ဒီမိုကရေစီအတွက် စစ်တိုက်ရတာဆိုတဲ့ နီယိုကွန်ဆာဗေးတစ် (ကွန်ဆာဗေးတစ်လက်သစ်) ဝါဒဝတ်ရုံကို ပြောင်းဝတ်လာသလို ဒီမိုကရက်တွေကလည်း လိုအပ်ရင် ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ချဲ့ထွင်နိုင်ဖို့ စစ်အင်အားသုံးတန် သုံးရလိမ့်မယ်ဆိုတဲ့ နီယိုလစ်ဘရယ်ဝါဒဖြစ်လာပါတယ်။ စစ်ကိုအလေးပေးတဲ့ အနေအထားချင်းကွာပေမယ့် ကမ္ဘာကြီးကို လွှမ်းမိုးထားဖို့လိုတယ်ဆိုတဲ့ အမြင်ကတော့ နှစ်ပါတီစလုံး အတူတူပါပဲ။

ရီပတ်ဘလီကန်ပါတီကတော့ အင်တိုက်အားတိုက် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလုပ်ကိုင်လေ့ရှိကြလို့ တို့ပါတီရဲ့ သင်္ကေတအမှတ်အသားကိုက “ဆင်” ပုံဖြစ်ပြီး ကိုယ်ပိုင်အရောင်ကလည်း အနီရောင်ဖြစ်ပါတယ်။ ဒီမိုကရက်ကတော့ ပျော့ပျောင်းတဲ့ “မြည်း” သင်္ကေတနဲ့ အပြာရောင်ကို ရွေးထားပါတယ်။

၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲကတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အပြီးသတ်ရွေးကောက်ပွဲမလုပ်ခင် ပါတီတွင်း သမ္မတလောင်းရွေးချယ်ပွဲတွေမှာတောင်မှ မထင်မှတ်တာတွေက ဖြစ်လာနေလို့ပါပဲ။

အခုဆိုရင် မဟာအင်္ဂါနေ့ Super Tuesday လို့ခေါ်တဲ့ တစ်ရက်တည်းမှာ ပြည်နယ် ၂၂ ခု တစ်ပြိုင်တည်းကျင်းပတဲ့ သမ္မတလောင်း အခြေခံရွေးချယ်ပွဲလည်း ဖေဖော်ဝါရီ ၅ ရက်ကပြီးသွားခဲ့တဲ့အပြင် နောက်ထပ် ပြည်နယ်သုံးခုလောက်မှာလည်းထပ်ပြီး ရွေးချယ်ပြီးသွားခဲ့ပြီဖြစ်ပါတယ် ။ ၂၀၀၈ ခုနှစ်ဆန်းကတည်းကစခဲ့တဲ့ အခြေခံရွေးချယ်ပွဲတွေပါ ပေါင်းလိုက်ရင် အမေရိကန်နိုင်ငံရဲ့ ပြည်နယ် ၅၀ မှာ ထက်ဝက်ကျော်ကျော်က အဖြေထွက်လာပြီဖြစ်ပါတယ်။ အဲဒီရလဒ်တွေကိုကြည့်ပြီး တကယ့်ရွေးကောက်ပွဲကျရင် ဘယ်လိုအဖြေထွက်လာမလဲဆိုတာ မှန်းကြည့်ရတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဒီမိုကရက်ဘက်မှာတော့ သမ္မတကတော်ဟောင်း ဟီလာရီကလင်တန်နဲ့ လူမည်းဆီးနိတ်အမတ် ဘာရက်အိုဘားမားတို့က အခုအချိန်အထိ သူတင်ကိုယ်တင် အကြိတ်အနယ် ယှဉ်ပြိုင်နေကြရဆဲဖြစ်ပါတယ်။ **ဖေဖော်ဝါရီ ၁၂ ရက်အထိ အခြေအနေအရ ဟီလာရီကလင်တန်က ကိုယ်စားလှယ်မဲ ၁၁၄၈ မဲရရှိထားပြီး အိုဘားမားက ၁၁၂၁ မဲ ရထားပါတယ်၊ စုစုပေါင်း ကိုယ်စားလှယ်မဲ ၂၀၂၅ မဲရတဲ့သူက ဒီမိုကရက်ပါတီရဲ့ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရမှာဖြစ်ပါတယ်။ နောက်ထပ်ကျင်းပတဲ့ မိန်းပြည်နယ်၊ ဗာဂျီးနီးယားနဲ့ ပိုတို မက်ရွေးချယ်ပွဲတွေမှာ အိုဘားမားပဲဆက်ပြီး အခြေအနေကောင်းနေတော့ ကလင်တန်ထက် နှာတစ်ဖျားသာသွားမှာဖြစ်ပါတယ်။** ဒါပေမယ့်လည်း ဟီလာရီကလင်တန်ဟာ အိမ်ဖြူတော်က ၂၀၀၁ ခုနှစ်မှာထွက်လာကတည်းက အမေရိကန်နိုင်ငံရဲ့ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်ဖို့ စီမံကိန်းသေချာချပြီး ကြိုတင်ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။ အာကင်ဆောပြည်နယ်ဇာတိဖြစ်ပေမယ့် ဆီးနိတ်အမတ်အဖြစ် မဲဆန္ဒနယ်ကို ရွေးရာမှာ အမေရိကန်စီးပွားရေး ဗဟိုချက်ဖြစ်တဲ့ နယူးယောက်ပြည်နယ်ကို တမင်ရွေးချယ်ခဲ့တာလည်း ဒီရည်ရွယ်ချက်ကြောင့်ပါ။ သူ့မှာ နောက်ကထောက်ကူပေးမယ့် ခင်ပွန်းဖြစ်သူ သမ္မတဟောင်း ဘီလ်ကလင်တန်ရှိနေတဲ့အပြင် ငွေရေးကြေးရေးကလည်း တောင့်တင်းတော့ အလွယ်နဲ့ လက်လျှော့မှာမဟုတ်ပါဘူး။

ဟီလာရီရဲ့ အဓိကပြိုင်ဘက် ဘာရက်အိုဘားမားကတော့ အီလီနွိုက်စ်ပြည်နယ်ကဆီးနိတ်လွှတ်တော်အမတ်ပါ။ သွက်လက်ပြီး အပြောကောင်းတဲ့ အိုဘားမားဟာ အမေရိကန်သမိုင်းမှာ ပထမဆုံး လူမည်းဆီးနိတ်အမတ်ဖြစ်သလို ပထမဆုံး လူမည်းသမ္မတဖြစ်လာနိုင်ခြေရှိတဲ့ သမ္မတလောင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရက်မဲဆန္ဒရှင်တွေအတွက် ပထမဆုံး အမျိုးသမီးသမ္မတကိုပဲ ရွေးမလား၊ ပထမဆုံး လူမည်းသမ္မတကိုပဲရွေးမလားဆိုတာ ဆုံးဖြတ်ရခက်နေတဲ့ သဘောရှိပါတယ်။ ဟီလာရီကို လူဖြူအလုပ်သမားလူတန်းစား အမျိုးသမီးတွေက အပြည့်အဝထောက်ခံပြီး အိုဘားမားကိုတော့ လူမည်းတွေ၊ အသားအရောင်ရှိသူတွေ၊ လူငယ်တွေနဲ့ လွတ်လပ်တဲ့သဘောထားရှိသူတွေက ထောက်ခံကြတယ်လို့ဆိုပါတယ်။ ယခုနောက်ပိုင်းမှာတော့ အမျိုးသမီးတွေကြားထဲမှာလည်း အိုဘားမားက မဲတွေပိုရလာပြီး ဟီလာရီကို ကျော်တက်လာတယ်လို့ဆိုပါတယ်။ လေ့လာသူတွေကတော့ ဟီလာရီကလင်တန်နဲ့ ဘာရက်အိုဘားမားတို့ဟာ ၂၀၀၈ နှစ်လယ်လောက်အထိ ဆက်ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ရလိမ့်ဦးမယ်လို့ တွက်ထားပါတယ်။

ဒီမိုကရက်ပါတီဘက်မှာ “မြည်း” နှစ်ကောင် အကြိတ်အနယ်ဖြစ်နေကြပေမယ့် ရီပတ်ဘလစ်ကန်ဘက်မှာတော့ ဂျွန်မက်ကိန်းဆိုတဲ့ “ဆင်” တစ်စီးတည်းကပဲ ရှေ့မှာပြေးနေတာဖြစ်ပါတယ်။ ဆီနေတာမက်ကိန်းဟာ သမ္မာရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲမှာ အခုသမ္မတဂျော့ဘုရှ်နဲ့ ရင်ပေါင်တန်းပြီး ဝင်ပြိုင်ခဲ့ပါသေးတယ်။ နိုင်ငံရေးဆွေကြီးမျိုးကြီးဖြစ်တဲ့ ဘုရှ်ရဲ့ “ဝိတ်” ကို မခံနိုင်လို့ ပြုတ်ကျခဲ့တာပါ။ ဒီတစ်ခါတော့ ရီပတ်ဘလီကန် ဆင်ကြီးတွေအားလုံးက မက်ကိန်းကိုပဲ အလေးပေးထောက်ခံကြပါတယ်။ ဗီယက်နမ် စစ်ပြန်သုံ့ပန်းဟောင်းဖြစ်ခဲ့ဖူးတဲ့ မက်ကိန်းဟာ ရီပတ်ဘလီကန်တွေအတွက် အီရတ်နဲ့ အာဖဂန်စစ်ပွဲတွေဆက်ပြီး ဆင်နွှဲနိုင်ဖို့ အားဆေးတစ်ခွက်ပါပဲ။

အခုအချိန်အထိ မက်ကိန်းက ကိုယ်စားလှယ်မဲ ၇၂၉ မဲရထားပြီး ဟက်ကာဘီက ၂၄၁ မဲပဲရပါသေးတယ်။ ကိုယ်စားလှယ်မဲ ၁၁၉၁ မဲရမှ ရီပတ်ဘလီကန်ရဲ့သမ္မတလောင်းအဖြစ် ရွေးချယ်ခံရမှာပါ။ ဘယ်လိုမှ မျှော်လင့်ချက်မရှိမှန်းသိရက် ဆက်ပြီးပြိုင်နေတာမို့ မက်ကိန်းရဲ့ ဘက်တော်သားတွေက ဟက်ကာဘီကို ဒေါသထွက်နေကြပါတယ်။

အဆုံးမတော့ ဒီမိုကရက်ဘက်က ဘယ်သူပဲ သမ္မတလောင်းဖြစ်ဖြစ် ဟီလာရီနဲ့ အိုဘားမားတို့ဟာ သမ္မတလောင်းနဲ့ ဒုတိယသမ္မတလောင်းအဖြစ် အတွဲလိုက်တက်လာဖို့ သေချာသလောက်ဖြစ်နေပါတယ်။ နှစ်ယောက်စလုံးဟာလည်း လူကြိုက်များမှုဘက်ညီတဲ့ မြည်းနှစ်ကောင်မို့လို့ လှည်းဆွဲကောင်းမယ့် တစ်ရှဉ်းလို့လည်းဆိုနိုင်ပါတယ်။ ရီပတ်ဘလစ်ကန်ဘက်မှာတော့ မက်ကိန်းဟာ သမ္မတလောင်းအဖြစ် သေချာသလောက်ရှိပေမယ့် ဒုတိယသမ္မတလောင်း ဘယ်သူဖြစ်မလဲ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် အများကြီးအားနည်းတဲ့ တစ်ယောက်ပဲဖြစ်မှာပါ။

ဒါကြောင့် နောက်ဆုံးရွေးကောက်ပွဲအတွက်ဆိုရင် ဒီမိုကရက်ဘက်က အားသာနေတယ်လို့ဆိုနိုင်ပါတယ်။ ရီပတ်ဘလစ်ကန် သမ္မတဘုရှ်ရဲ့ ရှစ်နှစ်တာ သက်တမ်းမှာတွေ့ခဲ့တဲ့အမှားတွေ၊ လူကြိုက်နည်းမှုတွေဟာလည်း ရွေးကောက်ပွဲမှာ အကျိုးသက်ရောက်စေနိုင်ပါတယ်။ ဒါ့အပြင် အသစ်အဆန်းကြိုက်တတ်တဲ့ အမေရိကန်တွေရဲ့ စိတ်ထဲမှာလည်း ပထမဆုံးအမျိုးသမီးသမ္မတ ဒါမှမဟုတ် ပထမဆုံးလူမည်းသမ္မတကို ကြိုဖူးချင်တဲ့စိတ်တွေက ပိုများနေနိုင်ပါတယ်။ ခြုံပြီးသုံးသပ်ရရင်တော့ **ဆင်တစ်စီးနဲ့မြည်းနှစ်ကောင်**ရဲ့ အားပြိုင်ပွဲမှာ မြည်းတွေဘက်က သာနိုင်စရာရှိနေတယ်လို့ပဲ သုံးသပ်မိပါတယ်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ကျေးဇူးရှင်ဖခင်ကြီး ဦးသင် (မိတ္ထီလာ)အားရည်စူး၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၃၀)ရပ်ကွက် ပိတောက်မြိုင်လမ်းနေ ဒေါ်သိန်းချစ်နှင့်မိသားစုက ငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (ဆိပ်ဖြူ) အရှင်ကုမာရ (M.A) Thesis (မဟာမဇ္ဈိမစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	“ဒါရကနွေ့ဘပမသုတ္တန်”တရားတော် (ရေနံ့ချောင်းဆရာတော် ဘဒ္ဒန္တ ဇနိတ)
၇:၅၀-၁:၅၀	နိဗ္ဗာန်ဆီသို့...... အမေးအဖြေများ
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	ပြည်တွင်းအနုပညာရေးရာ
၈:၅၀-၂:၅၀	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၉:၀၀-၃:၀၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (STREAMLINE)
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	သွားမယ် စားမယ် (Padonmar Restaurant))
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) (အပိုင်း-၂၈)
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၂)
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	နယ်ဥ်ဆန်းထွင်ပန်းအလှဆင်(ပန်းစည်းအလှ)
၁၁:၄၅-၅:၄၅	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “Game ကစားပွဲ”
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	Yangon Panorama ပညာရေးစုံညီပွဲတော် (၂၀၀၈ခုနှစ်)အထက(၂)စမ်းချောင်း
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂန္ဓကုဋိယူနီကာလာကျောင်းဆောင်တော်မြတ် ကျောင်းလွှတ်ပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ဓမ္မဒူတအရှင် ဆေကိန္ဒဆရာတော်၏ သက်တော်ငါးဆယ်ပြည့် ပူဇော်သောအားဖြင့် ယူနီကာလာမိသားစုတို့က ဆောက်လုပ် လှူဒါန်းသော ဂန္ဓကုဋိယူနီကာလာ ကျောင်းဆောင်တော်မြတ်ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာပွဲကို ၁၃၆၉ခု၊ တပို့တွဲလဆန်း ၁၀ရက်၊ ဖေဖော်ဝါရီ ၁၆ရက် (စနေနေ့) နံနက် ၅နာရီ၌ ဗုဒ္ဓါဘိသေကအနေကဇာတင် ကျင်းပပြီး နံနက် ၇နာရီ၌ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပင့်ဆောင်ပူဇော်မည်။ နံနက် ၉နာရီခွဲ၌ ရေစက်ချကျောင်းလွှတ်ပူဇာ အခမ်းအနားကျင်းပပြီး မွန်းလွဲ ၁နာရီ၌ အနုမောဒနာတရားပွဲ အခမ်းအနားတို့ကို ကျင်းပမည်ဖြစ်သည်။

အလှူတော်မင်္ဂလာပွဲနေ့၌ တစ်ရက်တာ ဆွမ်းအလှူကို ရွှေစင်ရတနာရွှေဆိုင် မိသားစုတို့က လည်းကောင်း၊ ယူနီကာလာမိသားစု၊ ရှိုင်းဟုပ်ကုမ္ပဏီ မိသားစုနှင့် ပြည်တွင်းပြည်ပ ဓမ္မဒူတ တပည့်များ စုပေါင်းပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ကျွေးမွေးဧည့်ခံကြမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ကွယ်လွန်သွားသော ဦးမြင့်သိန်းထွန်း(၂)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာလမ်းနေ ဒေါ်ထားထား၊ သား ကိုဇော်ပြည့်မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်းတိပိဋက ကိုးထပ်ကျောင်းဆောင်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဥတုရာသီ တောကိုမှီ၏

➲ ယူနန်-အာဆီယံမှ

အဆိုပါ ရထားလမ်းများသည် ယူနန်ပြည်နယ်နှင့် အာဆီယံသုံးနိုင်ငံသယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ကွင်ယွမ်ယောင်းကပြောကြားသည်။

ဗီယက်နမ်မြို့တော် ဟိုချီမင်းနှင့်ယူနန်ပြည်နယ်ကူမင်း၊ ယူစီတို့ဆက်သွယ်သော ရထားလမ်းများဖောက်လုပ်မှုကို အဆင်ပြေစွာစတင်နိုင်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ပြီးစီးရန်စီစဉ်ထားသည်။ အုပ်ချုပ်ရေးမှူးက ယူနန်ပြည်နယ် မန်စီမှ တရုတ်-ဗီယက်နမ်နယ်စပ်သို့ဆက်သွယ်သော ရထားလမ်းကို ယခုနှစ်တွင် စတင်ဖောက်လုပ်ရန် ကြိုးပမ်းသွားမည်ဟုပြောသည်။

တရုတ်-မြန်မာ ရထားလမ်းချဲ့ထွင်ရေးစီမံကိန်း၏ ပြင်ဆင်မှု လုပ်ငန်းရပ်များကို အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိသည်။

တရုတ်နှင့် ထိုင်း နှစ်နိုင်ငံသယ်ယူပို့ဆောင်ရေးကဏ္ဍကိုတိုးတက်စေမည့် ကူမင်း-ဗန်ကောက်ရထားလမ်းတည်ဆောက်ရေးပြင်ဆင်မှုလုပ်ငန်းရပ်များကို စတင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

⇨ ခေါင်းတစ်ခြမ်းကိုက်မှ

ဂျက်ဖာဆင်ခေါင်းကိုက်ဝေဒနာ ကုသရေးဌာနမှ ဆရာဝန် စတီဖင်ဆီလ်ဗာစတိန်းနှင့် လုပ်ဖော်ကိုင်ဖက်များက အာရုံကြောရောဂါဆိုင်ရာဂျာနယ် နျူရိုလော်ဂျီတွင် ဖော်ပြခဲ့သည်။

ဆေးဝါးအာနိသင်စူးစမ်းသူသုတေသီများသည် ခေါင်းတစ်ခြမ်းကိုက်ရောဂါ အခံရှိသူ အမျိုးသား အမျိုးသမီး ၁၇၀ ကို အုပ်စုနှစ်စုခွဲပြီး ငါးလတာမျှလေ့လာခဲ့သည်။ တစ်စုကို အောက်စ်ကာဘာဇပင်းဆေးအစစ်စားသုံးစေပြီး တစ်စုကို ထိုဆေးအတုစားသုံးစေခဲ့သည်။ အစမ်းသပ်ခံသူများတွင် အချို့ဝေဒနာရှင်များသည် တစ်လလျှင် ခေါင်းတစ်ခြမ်းကိုက်ရောဂါကို သုံးကြိမ်မှ ကိုးကြိမ်အထိ ခံစားရသူများပါဝင်သည်။

အောက်စ်ကာဘာဇပင်းဆေးဝါးအစစ်အသုံးပြုသည့်အုပ်စုနှင့် အာနိသင်မရှိသည့် ဆေးဝါးအသုံးပြုသည်အုပ်စုနှစ်စုတွင် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ခံစားရသည့် အကြိမ်ပေါင်းသည် စမ်းသပ်မှုစတင်သည့်အချိန်မှပြီးစီးချိန်အထိ ထူးခြားမှုမရှိသည်ကို တွေ့ရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ရက်က ကျင်းပရာ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေးထုံးစံလေ့တတ်ကျွမ်းမှုပြိုင်ပွဲ မြို့နယ်အဆင့် ပထမဆုရ မအင်ကြင်းကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေ ဆုချီးမြှင့်စဉ်။ (၆၃)

ဖေဖော်ဝါရီ ၈ရက်က သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၈)တွင် အလှူရှင် ဦးအောင်ဆန်း၊ ဇနီးဒေါ်ချိုချိုနှင့် ကျောင်းသားဟောင်းများက အာဟာရကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဌေးနှင့်ဆရာမများက ကြီးကြပ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာ ထမနဲပွဲတော်ကို တပို့တွဲလပြည့်နေ့၌ ကျင်းပမည်ဖြစ်သည်။

ထမနဲပွဲတော်ကြီးကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၂၀ ရက်) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများပါဝင်သော အသင်းအဖွဲ့ ၅၀ တို့က ထမနဲထိုးပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁ ရက် (တပို့တွဲလပြည့်) နံနက် ၅ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒပါတိမောက်ဒေသနာ ရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၆ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၆၃ ပါးတို့အား ထမနဲဆွမ်းတော်ကြီး လောင်းလှူခြင်း၊ နံနက် ၇ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူ၊ ပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရှင်အပါး ၁၀၀ ပြုပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဓမ္မကထိက ဗဟုဇနဟိတရေနှင့် ခမည်းတော် ဦးစံဝင့်၊ မယ်တော် (ဒေါ်ရွှေ)မိသားစုတို့က ဦးဆောင်ကျင်းပမည်ဖြစ်သော စစ်ကိုင်းတိုင်း အရာတော်မြို့နယ်နှင့် ရှစ်မိုင်အကွာအဝေးရှိ ဘောင်းကျကျေးရွာတွင် ရှင်အပါး ၁၀၀ ပြုပွဲနှင့် ပင့်သံဃာအပါး ၁၀၀၊ သီလရှင် အပါး ၃၀ ပြုပေးပွဲ အခမ်းအနားကို ၁၃၆၉ ခု တပေါင်းလဆန်း ၉၊ ၁၀ ရက် (မတ် ၁၅၊ ၁၆ ရက်)တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မင်္ဂလာအခမ်းအနားကို ကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံမတည်ပြီး ပထမအကြိမ် အလှူမင်္ဂလာပွဲကျင်းပရခြင်းဖြစ်သည်။ (က-ပ)

အနုပညာနှလုံးအိမ်ရုပ်ရှင်သင်တန်း အမှတ်စဉ် (၂)ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ငါးထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ မောင်တင်ဦးတာဝန်ယူ စုစည်းဖန်တီးသည့် အနုပညာနှလုံးအိမ်ရုပ်ရှင် အခြေခံသင်တန်းအမှတ်စဉ် (၁)ကို ဇန်နဝါရီ ၁၀ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းကာလတစ်လပြည့်မြောက်၍ သင်တန်းသားများအား ရုပ်ရှင်ပညာ လက်တွေ့ရိုက်ကူးပြသ၍ ပြန်လည်ဆန်းစစ်မှုများပြုလုပ်ကာ စကားပြောပြိုင်ပွဲ၊ သရုပ်ဆောင်ပြိုင်ပွဲများကျင်းပပေးခဲ့သည်။

အမှတ်စဉ် (၂)သင်တန်းကို ဖေဖော်ဝါရီ ၂၅ရက် တွင်စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေး ပွဲဖြေဆိုနေသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မတ် ၁၉ရက်တွင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသားများအနေဖြင့် စကားဝါခန်းမ၊ အမှတ် (၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်သို့ဆက်သွယ်စုံစမ်းစာရင်းသွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အေအိုင်ဒီအက်စ် ပညာပေးပြဇာတ်ပြိုင်

လားရှိုး ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ (NAP)၊ တွဲဖက်ပြည်နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် လားရှိုးမြို့ပေါ်ရှိ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသော World AIDS Day အထိမ်းအမှတ် တစ်ခန်းရပ် ပြဇာတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက်နံနက်တွင် လားရှိုးမြို့ အထက(၆) ကမ္ဘောဇခန်းမတွင်ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၁ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပသည်။ (ခရိုင်ပြန်/ဆက်)

အမည်မဖော်လိုသူအချစ် ရုံတင် HIT MAN ဇာတ်ကြမ်းကားဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခုသောကြာပတ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် **“အမည်မဖော်လိုသူအချစ်”** ရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲမြန်မာကားသစ် ဓမ္မာသောက အင်းဝရာဇာ မှာရှေ့ဆောင်ရုံ တစ်ရုံတည်းသာ ဆက်လက်ပြသမည်ဖြစ်သည်။

အမည်မဖော်လိုသူ အချစ်

မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းလူ၏ဝတ္ထုကို ဆုသြချယ်ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မီးပွားရိုက်ကူးသည့် **“အမည်မဖော်လိုသူအချစ်”** ဇာတ်ကားမှာ လင်နှင့်မယားလျှာနှင့်သွား ဆိုရိုးစကားမှ သွေဖည်နေသော ဇနီးမောင်နှံများနှင့် အသွင်မတူဘဲ ချစ်သူဘဝ ရောက်ရှိနေကြသူစုံတွဲများ၏ အံမဝင်ခွင်မကျကျင်လည်နေရသည်များကိုဒါရိုက်တာက ဟာသစွက်ပြီး ရိုက်ကူးထားသည့် ဇာတ်မြူးကားဖြစ်သည်။ သရုပ်ဆောင်များစွာဖြင့် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်၍ ဟာသဇာတ်ကား ကြိုက်နှစ်သက်သူ ရုပ်ရှင်ချစ်ပရိသတ်များ အကြိုက်တွေ့မည့် ဇာတ်ကားတကား ဖြစ်သည်။ ရန်အောင်၊ ကျော်ရဲအောင်၊ ထွန်းထွန်း၊ မြင့်မြတ်၊ မင်းသစ္စာ၊ ရဲလေး၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်နှင့် မိုးပြည့်ပြည့်မောင်တို့ ခေါင်းဆောင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် HIT MAN ဇာတ်ကြမ်းကား ဆက်လက်ပြသမည်ဖြစ်သည်။

ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကားနှစ်သက်သူ ပရိသတ်များအတွက် မင်းသားကြီး ရီရှီးကပူးတို့ပါဝင်သည့် Raju Chacha ဇာတ်ကားနှင့် ဘုရင့်ရုံတွင် ရှာရွတ်ခန်းနှင့် ရာနီးမူကာဂျီးတို့ပါဝင်သည့် Chalte Chalte အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်ဇာတ်ကားများ ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

ဓမ္မာသောက အင်းဝရာဇာဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို ရှုစားရစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၂၂)**
- ၆:၃၈ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပုံရိပ်ပမာ” (အပိုင်း-၇၂)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “စည်းခြားထားတဲ့အချစ်” (အပိုင်း-၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ

ကျော်မင်းအေး

ဘူမိနက်သန် မှန်လှထူးချွန် ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာစသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွား ဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သချာပွားထက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှ စ၍ တညီတညွတ် တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြ၏။

ငါတို့သည် အမျိုးဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား၊ ကျောသားရင်သား သူကားငါကား ခွဲခြားခြင်းကို အလိုမရှိ၊ မြစ်ချောင်း သီတာ သမုဒ္ဒရာ တောင်တန်းတို့ဖြင့် ကမ္ဘာ့မွေတာ သဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ရာ မြန်မာနိုင်ငံတော် တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော ကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော ကျိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကျိုးထူး၊ ဤကျိုးထူးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ် ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့ အပိုင်ရလေပြီ။

(မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းမှ)

ကျွန်တော်တို့၏ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်။ လူသားဖြစ်ပေါ်မှု သမိုင်းဦးမှသည် ယနေ့ထက်တိုင် ရှည်လျားစွာ တရွေ့ရွေ့ပြောင်းလဲတိုးတက်ခဲ့သည့် သမိုင်းစဉ်ရှိသော နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံတည်ရှိရာ အာရှတိုက်သည် နေထွက်သောအရပ်ဟု အဓိပ္ပာယ်ရှိပြီး ကမ္ဘာပေါ်၌ အရွယ်ပမာဏ အကြီးမားဆုံးတိုက်ကြီးလည်း ဖြစ်သည်။ လူ့ယဉ်ကျေးမှုသမိုင်းသည် ဤအာရှတိုက်မှပင် စတင်နိုဒါန်းပျိုးခဲ့သည်။ လူ့ယဉ်ကျေးမှုဖြစ်စဉ်၏ ဆည်းကပ်ကိုးကွယ်ရာ အယူဝါဒများသည် ဤအာရှတိုက်မှပင် ပေါ်ထွန်းလာခဲ့သည်။

အာရှဟူသည် ပထဝီအနေအထားအရရော သမိုင်းကြောင်းအရပါ အပြောကျယ်လှသည်။ မတူညီသော လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အယူဝါဒများ အမျိုးမျိုးအဖုံဖုံ စုံလင်လှသော ဤဒေသကြီးတွင် မြန်မာနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်၌ တည်ရှိသည်။ ဧရိယာအားဖြင့် ၆၇၈၀၃၃ စတုရန်းကီလိုမီတာ (၂၆၁၇၉၀ စတုရန်းမိုင်)ရှိသော မြန်မာနိုင်ငံသည် ဗြိတိသျှကျွန်းစု၏ နှစ်ဆကျော်မျှ ကျယ်ဝန်းသည်။

လူဦးရေ ၅၆ သန်းကျော်ရှိသော ယနေ့မြန်မာနိုင်ငံ၌ တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော်တို့သည် သမိုင်းအစဉ်အလာမပျက် ယနေ့ထက်တိုင် ဥမကွဲ သိုက်မပျက် နေထိုင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ သမိုင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသမိုင်းနှင့် တစ်ဆက်တစ်စပ်တည်း တည်နေသည်။ မြန်မာတိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာသည့်အခါ၌ နိုင်ငံ့အင်အား တောင့်တင်းခိုင်မာပြီး ဂုဏ်ရည်မြင့်မားခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းပြိုကွဲသောကာလများ၌ တိုင်းတစ်ပါး၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ရသည်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော်မျှ အောက်ကျနောက်ကျရောက်ခဲ့ရဖူးသည်။

ထိုကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့်ပင် တိုင်းရင်းသားအချင်းချင်းသွေးကွဲ ခဲ့ရသည်။ ယင်းသို့ သွေးခွဲ ခံရမှုကြောင့် လက်နက်ကိုင် သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ ယင်းဒဏ်ကို တိုင်းရင်းသားညီအစ်ကိုများအားလုံး နှစ်ပေါင်းရှည်ကြာစွာ ခံခဲ့ကြရသည်။ နယ်ချဲ့လက်ဟောင်း လက်သစ်တို့၏ သွေးခွဲမှုပယောဂကြောင့်ပင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ် မကြာခဏ ကျရောက်ခဲ့ရကြောင်း သမိုင်းသင်ခန်းစာ ယူကြရမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းကို ပြန်ကြည့်လျှင် တောင်အာရှ၊ အရှေ့တောင်အာရှနှင့်အရှေ့အာရှ ဒေသကြီးတစ်ခုလုံးလိုလိုပင် ၁၇ ရာစုမှ ၂၀ရာစုအထိ ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့၏ ဖိနှိပ်ကျွန်ပြုမှုအမျိုးမျိုးကို ခံခဲ့ရကြောင်း တွေ့ရသည်။ ထို့အတူ ဤဒေသသည် နယ်ချဲ့နှင့်ဖက်ဆစ်စနစ်ကို ဆန့်ကျင်တွန်းလှန်ပြီး ၎င်းတို့၏ လက်အောက်မှ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲများကို အထင်ကရ ဆင်နွှဲခဲ့သည့် ဒေသကြီးလည်း ဖြစ်သည်။ ကိုလိုနီဖြစ်ခဲ့ရသော အာရှနိုင်ငံအများစုလိုလိုပင် လွတ်လပ်ရေးရရှိလာချိန်တွင် စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။

ထို့အတူပင် **မျက်မှောက်ခေတ်၌ ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာ တစ်ဖက်စောင်းနင်းဖြစ်သွားပြီး နိုင်ငံငယ်များပေါ် ဗိုလ်ကျစိုးမိုးရေးဝါဒ ခေါင်းထောင်ထ လာသည်ကိုလည်း တွေ့ရှိရသည်။ ယနေ့ကမ္ဘာပေါ်တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိသည့် နိုင်ငံဟူသမျှ တစ်စစီဖြိုခွဲခြင်း ခံနေရပေသည်။**

သို့ဖြစ်ရာ နိုင်ငံတည်ရှိနေသည့် နိုင်ငံရေး ပထဝီအရလည်းကောင်း၊ ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာ တစ်ဖက်စောင်းနင်း ဖြစ်နေသည့် နိုင်ငံတကာ အနေအထားအရလည်းကောင်း ယနေ့မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားတို့အတွက် အရေးအကြီးဆုံးသော အမျိုးသားရေး အကျိုးစီးပွားမှာ အချင်းချင်းရေပက်မဝင်သော စည်းလုံးညီညွတ်မှုရရှိအောင် တည်ဆောက်ရေးပင်ဖြစ်သည်။

နိုင်ငံတော်တွင် သဘာဝသယံဇာတများကြွယ်ဝပါလျက် ပြည်တွင်းပြည်ပ ပယောဂကြောင့် တည်ငြိမ်အေးချမ်းမှု မရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျကျန်ရစ်ခဲ့ရသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားပြည်သူများသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုကို လိုလားတောင့်တပြီး စီးပွားရေးတိုးတက်မှုနှင့် လူနေမှုမြင့်မားသော ဘဝကို မျှော်လင့်ကြသည်။ ယနေ့မြန်မာနိုင်ငံသားတို့၏ ထက်သန်ပြင်းပြသော ဆန္ဒမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းရေးပင် ဖြစ်ပေသည်။

ယင်းသို့ဖြင့် **တပ်မတော်အစိုးရသည် တိုင်းပြည်၏ ယိုယွင်းနေသော အခြေအနေအရပ်ရပ်ကို တိုင်းရင်းသားပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ပြန်လည်ထိန်းသိမ်း တည်ဆောက်နိုင်ရေးအတွက် သမိုင်း၏ တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် သမိုင်းပေးအစိုးရအဖြစ် ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံကို တစ်ပါတီ ဆိုရှယ်လစ်စနစ်မှ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် တိုင်းပြည်၏ လုပ်ငန်းလိုအပ်ချက် တာဝန်များကိုရော ရေရှည်အကျိုးအတွက် အခြေချဆောင်ရွက်ပေးရမည့် ပြုပြင်ပြောင်းလဲရေးတာဝန်များကိုပါ ကျယ်ကျယ်ပြန့်ပြန့်သိမ်သိမ်မွေ့မွေ့ ထမ်းဆောင်နေခြင်းဖြစ်သည်။**

ထို့ကြောင့် တပ်မတော်အစိုးရအား တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် အိမ်စောင့်အစိုးရမျိုးအဖြစ် သာမန်ယူဆထား၍ မရနိုင်ပေ။ ခေတ်သစ် စနစ်သစ်တစ်ရပ်ကို အခြေချ ပြောင်းလဲတည်ဆောက်ပေးနေသည့် အသွင်ကူးပြောင်းရေး အစိုးရအဖြစ် အဓိပ္ပာယ်ပြည့်ဝစွာ သုံးသပ်ရှုမြင် ဆင်ခြင်ကြရမည်ဖြစ်သည်။

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ယနေ့ မြန်မာနိုင်ငံ၏အခြေအနေသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့သိမ်မွေ့ညင်သာစွာ ကူးပြောင်းနေကြောင်း သတိချပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို အတိတ်ကာလက လက်တွေ့ကျင့်သုံးခဲ့ရာတွင် အခက်အခဲအကျပ်အတည်းများနှင့် တွေ့ကြုံခံစားခဲ့ရသည်။ လွတ်လပ်ရေးရပြီးကတည်းက ပါတီစုံပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ ပြည်သူလူထု၏စီးပွားရေးဘဝမဖွံ့ဖြိုး၊ မတိုးတက်ခြင်းတို့ကြောင့် ပါလီမန်ဒီမိုကရေစီစနစ်သည် မျှော်မှန်းသလိုမအောင်မြင်ခဲ့ရုံသာမက ပြည်ထောင်စုကြီးပြိုကွဲလုနီးပါးအထိ တိုင်းပြည်အတွက် အန္တရာယ်ကြီးမားခဲ့သည်။

ဒီမိုကရေစီထွန်းကားရေးအခြေခံအကြောင်းတရားမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီကိုကျင့်သုံးမည်ဆိုလျှင် မင်းမဲ့စရိုက်ပြန့်ပွားရေးကို ဦးတည်သွားမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ကြရာတွင် နိုင်ငံ့သမိုင်းအစဉ်အလာ၊ လူမျိုး၏ဓလေ့စရိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့် ပထဝီနိုင်ငံရေး အခြေအနေစသည်များ ကွဲပြားခြားနားမှုရှိသည့်အလျောက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ထပ်တူထပ်မျှ မတူညီကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး အကျိုးဖြစ်ထွန်းစေမည့် ကိုယ်ပိုင်ပုံစံနှင့်သာ အကောင်အထည်ဖော်မြဲဖြစ်သည်။

အနောက်နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ လက်ငင်းလက်တွေ့ကျသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို မျက်ကွယ်ပြုလျက် စီးပွားရေးပိတ်ဆို့မှုများကို တိုး၍ပြုလုပ်နေကြသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ အနောက်နိုင်ငံကြီးအချို့သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုပြုလုပ်နေသည့် မြန်မာအစိုးရအပေါ် အကျပ်ကိုင်သည့်အနေဖြင့် စီးပွားရေးကန့်သတ်မှုများကို မကြာသေးမီကပင် ထပ်မံချမှတ်ခဲ့ကြသည်။

အနောက်နိုင်ငံအချို့၏ အဆိုပါလုပ်ရပ်နှင့် စပ်လျဉ်းပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက "မိမိတို့အနေဖြင့် အရေးယူပိတ်ဆို့မှုများကို သဘောမကျကြောင်း၊ အရေးယူပိတ်ဆို့မှုများသည် ပြဿနာကိုမဖြေရှင်းနိုင်ဘဲ ပိုပြီးဆိုးရွားသွားစေမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အေးချမ်းတည်ငြိမ်မှုသည် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို အီရတ်နိုင်ငံလိုအဖြစ်သို့ အရောက်ခံမှာမဟုတ်ကြောင်း၊ အခြားနိုင်ငံများက မည်သို့ပင်စိတ်ကူးနေပါစေ အရေးမကြီးကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ၏အခိုင်အမာရပ်တည်ချက်ပင်ဖြစ်ကြောင်း" ပြောကြားသွားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဤနေရာတွင် အီရတ်နိုင်ငံ၏ အဖြစ်မျိုးဆိုသည်နှင့်စပ်လျဉ်းပြီး အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ်မှ အနားယူသွားသော ကိုဖီအာနန်အား ဘီဘီစီသတင်းဌာနက "အချို့အီရတ်ပြည်သူတွေက အာဏာရှင်စနစ် အောက်မှာ နေရတာထက်တောင် အခုဘဝက ပိုဆိုးနေသေးတယ်လို့ ပြောနေကြတယ်။ ဒါဟာ အမှားကြီးတစ်ခုပဲလား" ဟု မေးမြန်းခဲ့သည်။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်သူများ လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေး စနစ်များ အခိုင်အမာကျင့်သုံး ဖော်ဆောင်နိုင်ရေးတို့အတွက် လက်ငင်း လက်တွေ့ကျသော မူဝါဒလုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်နေသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ တတိယအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲမှုမှာ ပြီးစီးတော့မည်ဖြစ်သည်။

ပြည်ထောင်န

* ပြည်ထောင်စု မိမြန်မာ
တိုင်း၊ ပြည် ရွာစုကာ
သားချင်းတွေပေါင်းဆုံ
ထင်းစည်းပုံထုံး။

* ပြည်ထောင်စု မိမြန်မာ
အေးချမ်းသာ အရိပ်ဝေ
ပန်းမျိုးစုံ ထုံထုံသင်း
သားချင်းတို့ကျောင်း။

* ပြည်ထောင်စု မိမြန်မာ
သီးဝေဖြာ အထွက်တိုး
ကျောက်မျက် ရေနံသ
စီးပွားဖွံ့ဖြိုး။

* ပြည်ထောင်စုမိမြန်မာ
ရန်မူကာ လာစေဦး
အဖျက်ရန်မှန်သမျှ
တက်ကြွချေမှုန်း။

* ပြည်ထောင်ကို ညီနော
ကြိုးစားလို့ အလှဆင်
ရွှေပြည်တော် ရည်မျှော်
ကြိုးပမ်းထာဝစဉ်
သွေးစည်းလို့ ချစ်ကြိုး
အားမာန်ယှဉ်တူမခွဲ၊
မှိုင်းမြမြစိမ်းစိုလွင်
မြန်ပြည်ခွင်အလှကဲ
ဒို့ဘိုးဘွားအမွေစစ်မို့
ချစ်ကြအမြဲ။ ။

(၆၁)နှစ်မြောက် ပြည်ထော

ယဉ်ယ

**ကိုဖီအာနန်က "သာမန် အီရတ်ပြ
အထားကို ကြည့်ရင်သူတို့ ပြောတာမှန်
ဆိုရင်လည်း အခုလို နှိုင်းယှဉ်ခံစားမိမှာပဲ
အုပ်ချုပ်တဲ့ အာဏာရှင်ရှိခဲ့တယ်ဆိုပေမ
လမ်းပေါ်မှာ အေးအေးဆေးဆေးသွားလ
ကျောင်းတက်နိုင်ကြတယ်။ ဘယ်မိဘ
အိမ်ကိုပြန်ရောက်မှရောက်ပါ့မလားလို့
အီရတ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ
နိုင်ဘူး။ အီရတ်လူ့အဖွဲ့အစည်းမှာ
တည်ဆောက်ဖို့နဲ့ ရရှိထားတဲ့ လုံခြုံေ
ဆက်လက်ထိန်းသိမ်းနိုင်ဖို့ပဲဖြစ်တယ်။
ရေးတို့၊ နိုင်ငံတည်ဆောက်ရေး တို့ဆို
ဘူး"**ဟု ဖြေကြားသွားခဲ့ကြောင်း တွေ

ထို့ကြောင့် တိုင်းရင်းသားပြည်သ
နေသော နိုင်ငံတကာရေးရာနှင့် ပြည်တွ
မှန်ကန်စွာ ရှုမြင်သုံးသပ်အပ်ပေသည်
မြန်မာနိုင်ငံ၏ပုံရိပ်ကို လွဲမှားစွာပုံဖော်လ
များကို ယုံကြည်သက်ဝင်မှု မရှိကြရန်

**ယနေ့ မြန်မာနိုင်ငံတွင် ပြည်သ
ပြည်ထောင်စုစနစ်၊ ပါတီစုံ ဒီမိုကရေ
စနစ်များ အခိုင်အမာကျင့်သုံးဖော်ဆော
လက်တွေ့ကျသော မူဝါဒလုပ်ငန်းစဉ်မျ
နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်
ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥ
တော့မည်ဖြစ်သည်။**

**ဤ ၂၀၀၈ခုနှစ်မှစတင်၍ မြန်မာနိ
ရွေးချယ်မှုများကို အလှည့်အပြောင်းအ
နိုင်ငံနှင့်လူမျိုးအတွက်အရေးကြီးသော
ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့
ရေးအတွက် ပန်းတိုင်လည်းထင်း၊ လမ်း
မှန်ကိုသာ ရွေးချယ်ကြရတော့မည်ဖြစ်
တော်အကျိုးကို တန်ဖိုးထားလေးစားရမ
မြတ်နိုးအားကိုးရမည့် အချိန်၊ အမိ
တည်ဆောက် မြှင့်တင်ရမည့်အချိန်အခါ
အမွေအမြဲတည်တံ့နေစေရေးအတွက်
စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရ
သည်။ ။**

ပြည်ထောင်စုအားမာန်

* ပြည်ထောင်စု မိမြန်မာ
တိုင်း၊ ပြည် ရှာစုကာရုံး
သားချင်းတွေပေါင်းဆုံစည်း
ထင်းစည်းပုံထုံး။

* ပြည်ထောင်စု မိမြန်မာ
အေးချမ်းသာ အရိပ်ကောင်း
ပန်းမျိုးစုံ ထုံထုံသင်းတဲ့
သားချင်းတို့ကျောင်း။

* ပြည်ထောင်စု မိမြန်မာ
သီးဝေဖြာ အထွက်တိုး
ကျောက်မျက် ရေနံသတ္တုသံရင်းမြစ်များနဲ့
စီးပွားဖွံ့ဖြိုး။

* ပြည်ထောင်စုမိမြန်မာကို
ရန်မူကာ လာစေဦး
အဖျက်ရန်မှန်သမျှ
တက်ကြွချေမှုန်း။

* ပြည်ထောင်ကို ညီနောင်အားနဲ့
ကြိုးစားလို့ အလုဆင်
ရွှေပြည်တော် ရည်မျှော်မှန်း
ကြိုးပမ်းထာဝစဉ်
သွေးစည်းလို့ ချစ်ကြိုးငင်
အားမာန်ယှဉ်တူမခွဲ၊
မှိုင်းမြုံစိမ်းစိုလွင်
မြန်ပြည်ခွင်အလှကဲ
ဒို့ဘိုးဘွားအမွေစစ်မို့
ချစ်ကြအမြဲ။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်

ယဉ်ယဉ်မင်းထိုက်(စက်မှုကြွေမြေ)

ကိုဖိုးအာနန်က "သာမန် အီရတ်ပြည်သူတစ်ယောက်ရဲ့ ဘဝအနေအထားကို ကြည့်ရင်သူတို့ ပြောတာမှန်တယ်။ ကျွန်တော်သာ အီရတ်ဆိုရင်လည်း အခုလို နှိုင်းယှဉ်ခံစားမိမှာပဲ။ သူတို့မှာ ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်တဲ့ အာဏာရှင်ရှိခဲ့တယ်ဆိုပေမယ့် အဲဒီတုန်းက အိမ်ပြင်ထွက်ပြီး လမ်းပေါ်မှာ အေးအေးဆေးဆေးသွားလာလို့ရတယ်။ ကလေးတွေလည်း ကျောင်းတက်နိုင်ကြတယ်။ ဘယ်မိဘကမှ သူ့ကလေးကျောင်းကနေ အိမ်ကိုပြန်ရောက်မှရောက်ပါ့မလားလို့ စိုးရိမ်နေရတာမျိုးမရှိဘူး။ အခု အီရတ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်နင်းအောင် မထိန်းချုပ်နိုင်ဘူး။ အီရတ်လူ့အဖွဲ့အစည်းမှာ လိုအပ်နေတာက လုံခြုံရေး တည်ဆောက်ဖို့နဲ့ ရရှိထားတဲ့ လုံခြုံအေးချမ်းသော ပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ပဲဖြစ်တယ်။ လုံခြုံမှုမရှိရင် ပြန်လည်ထူထောင်ရေးတို့၊ နိုင်ငံတည်ဆောက်ရေး တို့ဆိုတာကို ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး"ဟု ဖြေကြားသွားခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများသည် ဖြစ်ပျက်ပြောင်းလဲနေသော နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာအခြေအနေ အရပ်ရပ်ကို မှန်ကန်စွာ ရှုမြင်သုံးသပ်အပ်ပေသည်။ အဆိုးမြင်ဝါဒသမားများက မြန်မာနိုင်ငံ၏ပုံရိပ်ကို လွဲမှားစွာပုံဖော်လျက်ရှိကြရာ ၎င်းတို့၏ စွပ်စွဲချက်များကို ယုံကြည်သက်ဝင်မှု မရှိကြရန် အထူးအရေးကြီးလှသည်။

ယနေ့ မြန်မာနိုင်ငံတွင် ပြည်သူများ လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များ အခိုင်အမာကျင့်သုံးဖော်ဆောင်နိုင်ရေးတို့အတွက် လက်ငင်းလက်တွေ့ကျသော မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှုမှာ ပြီးစီးတော့မည်ဖြစ်သည်။

ဤ ၂၀၀၈ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွက် တန်ဖိုးကြီးမားသော ရွေးချယ်မှုများကို အလှည့်အပြောင်းအဖြစ် ပြုလုပ်ကြရပေတော့မည်။ နိုင်ငံနှင့်လူမျိုးအတွက်အရေးကြီးသော ဆုံရပ်မှတ်တိုင်သို့ရောက်ရှိနေပြီဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အလျင်အမြန်ကူးပြောင်းရောက်ရှိရေးအတွက် ပန်းတိုင်လည်းထင်း၊ လမ်းလည်းရှင်းနေသည့် လမ်းကြောင်းမှန်ကိုသာ ရွေးချယ်ကြရတော့မည်ဖြစ်သည်။ ဤအချိန်ကား အမိနိုင်ငံတော်အကျိုးကို တန်ဖိုးထားလေးစားရမည့်အချိန်၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးအားကိုးရမည့် အချိန်၊ အမိမြေကို ကာကွယ်စောင့်ရှောက်တည်ဆောက် မြှင့်တင်ရမည့်အချိန်အခါသမယဖြစ်ပေရာ ပြည်ထောင်စုအမွေအမြဲတည်တံ့နေစေရေးအတွက် ခိုင်ကျည်မြဲမြံသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ရွှေဘိုလမ်း (ကတ္တရာထပ်ပိုးလွှာ) လမ်းသစ်ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၃

၂၀၀၈ ခုနှစ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ရွှေဘိုလမ်း (ကတ္တရာထပ်ပိုးလွှာ) လမ်းသစ်ကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် အဆိုပါလမ်းမုခ်ဦး၏ရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေ၊ ပြင်ဦးလွင်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များနှင့် ရပ်ကွက်ပြည်သူအင်အား ၂၅၀၀ တက်ရောက်သည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တိုင်းရင်းသားရိုးရာ မြန်မာမုန့်မျိုးစုံရောင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ တိုင်းရင်းသားရိုးရာ မြန်မာမုန့်မျိုးစုံရောင်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ဒဂုံတွင် ဖေဖော်ဝါရီ ၁၁ ရက်က ပြည်ထောင်စုနေ့ လှုပ်ရှားမှုတစ်ရပ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ရေးဆွဲထားသော ပို့စကတ်များကို ပန်းချီအသင်း တာဝန်ခံ ဆရာမများက အကဲဖြတ်စစ်ဆေးစဉ်။

(ပညာရေး)

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် "ဓမ္မရတနာ"ဗုဒ္ဓ၊ဓမ္မစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(၅၄၁)

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က လမ်းမတော်မြို့နယ် အထက(၁)၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော် ဖတ်ကြားစဉ်။ (၄၃)

လှိုင်မြို့နယ် ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းဖတ်ကြားစဉ်။ (၅၄၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၈ (ကြာသပတေးနေ့)

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ မံဆောင်းတံတား(ချင်းပြည်နယ်)
၈:၃၀ ၉။ Inter national News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၄၅ ၁၂။ မြတ်ဗုဒ္ဓမဏ္ဍိုမ၏အနှိုင်းမဲ့ရတနာ
၆:၅၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၈)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ"(အပိုင်း-၂၆) (ဇာတ်သိမ်းပိုင်း)**
၁၈။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန် အမှတ်(၂) မွေးမြူရေး လုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နန်းဝေ နို့ချက်စက်ရုံ တည်ဆောက်၍ စက်တပ်ဆင်နေမှုကို လည်းကောင်း၊ နို့စားနွား မွေးမြူရေးခြံကို လည်းကောင်း၊ ကံကြီးကျေးရွာ မွေးမြူရေးဇုန် အမှတ်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နို့စားနွားမွေးမြူရေးခြံကို လည်းကောင်း၊ ဆိတ်မွေးမြူရေးခြံနှင့် သိုးမွေးမြူရေးခြံများကို လည်းကောင်း၊ ဝင်းသစ္စာ ငါးမွေးမြူရေးကန်ကို လည်းကောင်း၊ ဒေါက်တာသန်းဌေးနှင့်အဖွဲ့၏ CP ဆိတ်မွေးမြူရေးခြံကို လည်းကောင်း၊ စီးတီးလိုက် ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်အမှတ်(၂)ရှိ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ခရမ်းမြို့ ကျက်သရေဆောင် နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာ စေတီတော်အား ဖူးတွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

ခရမ်းမြို့ကျက်သရေဆောင် နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာ စေတီတော် ထီးတော်တင်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁၂)ရပ်ကွက် ဓမ္မသီရိအောင်မေတ္တာ ပရိယတ္တိ စာသင်တိုက်ကြီး ပရိဝုဏ်အတွင်း တည်ထားလျက်ရှိသော နဂါးကိုးကောင် နဂါးရုံပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား (၁၃၆၉ တပို့တွဲလဆန်း ၁၃ရက်) ဖေဖော်ဝါရီ၁၉ရက် (အင်္ဂါနေ့)တွင် ရွှေထီးတော်မြတ်ကြီးကို ဓမ္မသီရိအောင်မေတ္တာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တကုမာရ(အောင်မေတ္တာဂူအောင်း) ဆရာတော်အားအမှူးပြု၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စည်ကားသိုက်မြိုက်စွာဖြင့် တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd က အဓိက ကူညီပံ့ပိုးသော ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (GRAND ROYAL SPECIAL RESERVE GOLF CHAMPIONSHIP 2008, QUALIFY ROUND) ၏ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက်တွင် မန္တလေးမြို့ရှိ ORIENTAL HOUSE ခန်းမ၌ ဆက်လက် ကျင်းပရာ INTERNATIONAL BEVERAGES TRADING CO.,LTD မှ DESIGN AND DEVELOPMENT ဒါရိုက်တာ ဦးတင့်ဦးကPUTTING CHALLENGE ပြိုင်ပွဲတွင် ပထမရရှိသော ဌေးဦးအားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက (၂၈၆) ကိုက် (၂)ပေဖြင့် ကျင်းအမှတ် (၅)တွင် LONGEST DRIVE ဆုရရှိသော မိုးကျော်ကျော်အား လည်းကောင်း၊ (၁)ပေ (၅)လက်မဖြင့် ကျင်းအမှတ် (၁၁)တွင် NEAREST TO THE PIN ဆုရရှိသော ဒေါက်တာတူးဂျာ အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်ကပြိုင်ပွဲတွင်နှစ်သိမ့်ဆုရရှိကြသော ဆဋ္ဌမမှဒသမအထိ ဂေါက်သီးရိုက်အားကစားသမားများအားလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက ပထမမှ ပဉ္စမအထိ ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက NETT TOTAL (၁၃၈)ချက်ဖြင့် ပထမ ရရှိသော မြင့်ကို၊ NETT TOTAL (၁၃၈)ချက်ဖြင့် ဒုတိယရရှိသော လင်းသဲနှင့် NETT TOTAL (၁၃၉)ချက်ဖြင့် တတိယရရှိသော မျိုးထွန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မြို့၌ ကျင်းပမည့် ဗိုလ်လုပွဲ (FINAL ROUND) သို့ မန္တလေးမြို့ လက်ရည်စစ်ပြိုင်ပွဲဝင်ခွင့် ရရှိကြသော မြင့်ကို၊ မျိုးထွန်း၊ အေးမင်းချို၊ လင်းသဲနှင့်ကြည်လွင်တို့အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် MAIN SPONSOR အဖြစ် INTERNATIONAL BEVERAGES TRADING CO.,LTD က ဖြစ်ပြီး၊ CO SPONSOR အဖြစ် DUSIT INYALAKE HOTEL, SRIXON နှင့် ALPINE (PURIFIED DRINKING WATER) တို့က လည်းထပ်မံ၍ ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် HAN EVENT MANAGEMENT ကတာဝန်ယူဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

IBTC မှ DESIGN AND DEVELOPMENT **ဒါရိုက်တာ ဦးတင့်ဦးက** PUTTING CHALLENGE **ပြိုင်ပွဲတွင် ဆုရရှိသော ဌေးဦးအား ဆုချီးမြှင့်စဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ကိုးဘွဲ့ရမဟာသိမ်တော်ကြီးအတွက် အလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဂန္ထဝါစက ပဏ္ဍိတ၊သဒ္ဓမ္မဇောတိကဓဇ သာသနာပြု ဓမ္မကထိကဆရာတော် အရှင်အာစာရ လင်္ကာရအရှင်မြတ် ဦးဆောင်တည် ထောင်လျက်ရှိသော ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်(၄၂)ယူနိုင်းရပ်ကွက် ရှိကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီး အတွင်း၌ ကိုးဘွဲ့ရ မဟာပါသာဒ သိမ်တော်ကြီးကို မကြာမီ စတင်တည် ဆောက်မည်ဖြစ်၍ အလှူငွေများ လှူဒါန်းလျက်ရှိကြရာ ခရမ်းမြို့နေ ဦးစိန်ဟုတ်–ဒေါ်ခင်မေရီ၊ ဦးစိန်ဝင်းအောင်–ဒေါ်သိန်းသိန်းရွှေမိသားစုက ကျပ်၃၆သိန်း၊မန္တလေးမြို့ ဝါးရောင်းဝင်းရပ်နေ ကိုကျော်ကျော်–မစန္ဒာဖုန်း မိသားစုက ကျပ်သိန်း ၃၀၊ မန္တလေးမြို့နေ ဦးစံဝင်း–ဒေါ်ခင်ဝင်း၊ သမီး မနန်းယဉ်ယဉ်မိသားစုက ဒုတိယအရစ် ကျပ်သိန်း၂၀ အပါအဝင် အလှူရှင် ၁၁၁ဦးတို့က အလှူငွေကျပ် သိန်း ၂၇၀ ကို ပေးအပ်လှူဒါန်းကြပြီး သိမ်တော်ကြီးအတွက် လှူဒါန်းလိုပါက ကိုးဘွဲ့ရဆရာတော် ဖုန်း–၀၉၂၀–၃၀၈၉၅၊ ၀၉၉၉–၇၀၄၈၆၊ ၀၉၂၀–၃၃၀၁၀၊ ၀၁–၇၀၈၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရေနံချောင်းမြို့ အမှတ်(၁)အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိကမတည်လှူဒါန်း ဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့မှ ဦးအောင်ကျော်မြင့်–ဒေါ်သူဇာကြည်၊ သား မောင်စိုးမင်း၊ သမီး မမြင့်မြတ်မိုးမိသားစုကလှူဒါန်းငွေကျပ်နှစ်သိန်းကို ကျောင်းဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူးကပွတိန်ဦးဌေးမြင့်ထံ ပေးအပ်စဉ်။ (က–ပ)

ဖျာပုံမြို့နယ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို သမိန်ထော ကျေးရွာတွင် ကျင်းပခဲ့ရာ အနိုင်ရဗိုလ်စွဲသွားသော ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော် ဆုဖလားချီးမြှင့်စဉ်။ (၅၄၀)

SHARLU အင်ဂျင်ဝိုင်အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

U.A.E နိုင်ငံမှ ထုတ်လုပ်သည့် SHARLU အမှတ်တံဆိပ် အင်ဂျင်ဝိုင်များကို တင်သွင်းဖြန့်ချိလျက်ရှိသော Top Prime Trading Co.,Ltd ၏ အရောင်း ကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အစီအစဉ်အရ Top Prime Trading Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ မျိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး SHARLUအင်ဂျင်ဝိုင်၏ အရည်အသွေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးထွန်းနှင့် ဧည့်သည်တော်များက၂၀၀၇ခုနှစ်အတွင်း SHARLU အင်ဂျင်ဝိုင် အများဆုံး ရောင်းချနိုင်ခဲ့သော ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များအားဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

SHARLUအင်ဂျင်ဝိုင်ကို U.A.E နိုင်ငံ SHARJAH National Lube Oil Company Limited က နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသည်။ ကုမ္ပဏီအနေဖြင့် ဓာတ်ဆီသုံးအင်ဂျင်၊ ဒီဇယ်သုံးအင်ဂျင်နှင့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ အတွက်သာမက သီးခြားအင်ဂျင်များ အတွက် အင်ဂျင်ဝိုင်များကို မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်တွင် စတင်တင်သွင်းဖြန့်ချိခဲ့ရာ Auto Mobile အမျိုးမျိုးတွင် သုံးစွဲကြသည့်အခါ အင်ဂျင်သက်တမ်းကို ကြာရှည်စွာ အသုံးခံနိုင်သော အရည်အသွေးကောင်း အင်ဂျင်ဝိုင်ဖြစ်ကြောင်းကို သုံးစွဲသူများ သိရှိသဘောကျ နှစ်သက်လာကြသည်။ ၂၀၀၇ခုနှစ်တွင် SHARLU အင်ဂျင်ဝိုင် ဈေးကွက် ပိုမိုကျယ်ပြန့်လာကာ ဝယ်လိုအားများပြားလာသည့်အတွက် Top Prime Trading Co., Ltd. က ဗိုလ်တထောင် မြို့နယ် ဗိုလ်အောင်ကျော်လမ်း MGW TOWERအခန်းအမှတ်(၃၀၁) ဖုန်း– ၂၅၆၅၃၆၊ ၄၄၁၂၆၃၇၊ ၀၉–၈၀၃၁၂၇၉ နှင့် ဘုရင့်နောင်ဈေးရှိ ကုမ္ပဏီ အရောင်းပြခန်းတို့၌ လက်လီလက်ကား ဖြန့်ချိရောင်းချပေးလျက် ရှိသည်။ (သတင်းစဉ်)

Top Prime Trading Co., Ltd မန်နေဂျင်းဒါရိုက်တာဒေါက်တာ မျိုးထွန်း ၂၀၀၇ ခုနှစ်အတွင်း SHARLU အင်ဂျင်ဝိုင် အများဆုံး ရောင်းချနိုင်ခဲ့သော ရောင်းအား အကောင်းဆုံး အရောင်းကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ဘူမိဗေဒဘွဲ့ရကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တက္ကသိုလ် ၁၉၇၉ ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ မေလတွင် ကျင်းပမည်ဖြစ်၍ကျောင်းသားဟောင်းများအနေဖြင့် ဦးသိန်းမင်းဇော်ဖုန်း ၀၁–၅၈၀၆၆၉၊ ဦးထွန်းထွန်းဝေ ဖုန်း ၀၁–၂၉၉၀၈၅၊ ဦးဝင်းခိုင် ဖုန်း ၀၉ ၅၁၆၀၀၆၉၊ ဦးလှမော် ဖုန်း ၀၉ ၅၀၁၀၆၀၈၊ ဦးသန်းရွှေ ဖုန်း ၀၁–၅၄၈၂၀၉၊ဦးအောင်ကျော်လှ ဖုန်း ၀၁–၇၀၉၀၉၄၊ ဦးဇော်ဝင်းညွန့် ဖုန်း ၀၁ ၅၆၆၁၃၃၊ ဦးဇော်လင်း ဖုန်း ၀၁–၅၀၈၁၀၁၊ ဦးမင်းချစ်စိန် ဖုန်း ၀၁–၅၄၆၄၀၉၊ Ext: 404၊ ဦးတင်ဝင်း ဖုန်း ၀၁ ၂၂၅၇၄၇၊ ဦးသိန်းလွင် ဖုန်း ၀၁–၂၉၉၅၁၉ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရောင်းမည်

၁။ တာမွေမြို့နယ်၊သမိန်ဗရမ်းလမ်းမကြီးပေါ်၊တာမွေပလာဇာရှေ့(တိုက်သစ်)(ပေ၂၀ x ပေ ၇၀) တိုက်ခန်းများ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ပါကေးခင်း၊ ရှေ့နောက်သံဇန်းတပ်ပြီး အလူမီနီယံပြတင်းတံခါးတပ်ထားသော အိပ်ခန်းကျယ်ကြီးများ၊ မီးဖိုခန်းအထူး မွမ်းမံပြင်ဆင်ပြီး၊ ကိုယ်ပိုင်ရေမီး၊ အချက်အချာနေရာကောင်း၊ သွားရေး၊ လာရေး လွယ်ကူသည်။(ကျောင်းနီး၊ ဈေးနီး၊ ရုပ်ရှင်ရုံအနီး)
- တတိယထပ်(အလယ်ခန်း) (သိန်း ၂၅၀)၊ (ထောင့်ခန်း) (သိန်း ၂၆၀)
- ၈ လွှာ (အထပ်ခိုးအပြည့်ပါ) (သိန်း ၁၈၀) (မိသားစုများသူများအတွက် အထူးအဆင်ပြေသည်)

၂။ ကုမ္ပဏီပေါက်ဈေးဖြင့် သက်သာသော ရန်ကုန်မြို့တွင်း ဆော်လမွန်(ဗန္ဓုလကွန်ဒို)
- လေအေးပေးစက်(၄)လုံး၊ ကြိုးဖုန်း(၁)လုံး၊ နှစ်ယောက်အိပ်ခန်း(၁)ခန်း၊ တစ်ယောက် အိပ်ခန်း(၂)ခန်း၊
- ကိုယ်ပိုင်ရေမီး(မီး ၂၄နာရီ)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ဧည့်ခန်းကျယ်၊ View ကောင်းသည်။
- ရုံးခန်း၊ လူနေအိမ် အလွန်ကောင်းသည်။ အချက်အချာကျပြီး နေရာကောင်းသည်။ (သိန်း ၄၈၀)

၃။ ပြင်ဦးလွင်မြို့၊ ပြင်ဦးလွင်ဈေးအနီး၊ မြို့လယ်နေရာကောင်း၊ ပြည်တော်သာ (၅)လမ်းပေါ်ရှိ တစ်ထပ်တိုက်(တိုက်သစ်)၊ နှစ်ယောက်အိပ်ခန်း(၁)ခန်း၊ တစ်ယောက်အိပ်ခန်း(၂)ခန်း၊ ကားဂိုဒေါင်၊ ထမင်းစားခန်း၊ မီးဖိုခန်းပြင်ဆင်ပြီး၊ ကိုယ်ပိုင်ရေမီး၊ အချက်အချာနေရာကောင်း၊ သွားရေးလာရေးလွယ်ကူသည်။ (သိန်း ၃၅၀)

၄။ ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ (ပေ၁၀၀ x ပေ၁၂၀)မြေအကျယ်၊ (၂၅ပေ x ၃၅ပေ)တစ်ထပ်တိုက်(၁)လုံးပါ။(သိန်း ၅၀၀)

၅။ မုံရွာမြို့၊ ဗိုလ်တေဇလမ်းပေါ်ရှိ (ပေ၆၀ x ပေ၈၀)မြေကွက်၊ ကျောက္ကာလမ်းထိပ်နှင့်နီးသည်။ (သိန်း ၈၀)

၆။ မုံရွာစက်မှုဇုန်၊ (ပေ၆၀ x ပေ၆၀)အုတ်ခတ်ပြီး၊ (ပေ၄၀ x ပေ၆၀)ဂိုဒေါင်ပါ၊ မီးပါ။ (သိန်း ၂၀၀)

ဆက်သွယ်ရန်ဖုန်း – ၂၄၁၁၉၄၊ ၂၄၆၇၉၂(၈၀၁)၊ ၀၉–၈၀–၃၂၄၁၀၊ ၀၉–၅၁–၈၈၀၀၁၊ ၀၉–၈၀–၂၂၃၉၈

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၀၇)၊ အကျယ်အဝန်း(၁၅ပေ x ပေ၅၀)၊ အခန်း(၇)၊ (၄)လွှာ တိုက်၏မျက်နှာချင်းဆိုင်ဘက်မှကြည့်လျှင် ယာဘက်ခြမ်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နိုင်နိုင် [၃/မဝတ(နိုင်) ၀၁၀၄၆၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းချမှုတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားနှင့်တကွ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးကျော်မြင့်	**ဒေါ်ကြည်ကြည်မြင့်ဝင်း**	**ဦးမျိုးမင်းထွန်း**
H.G.P.,LL.B	**LL.B**	**LL.M**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ်–၂၇(အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)မှ မီးဇာချည်ပျက်(၄၈၀၂၅ ဒသမ ၂ ပေါင်)အား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။	တင်ဒါစည်းကမ်းနှင့် ပုံစံရောင်းချမည့်နေ့ရက်	– ၁၈–၂–၂၀၀၈ ရက်မှ ၂၂–၂–၂၀၀၈ ရက်ထိ (ရုံးဖွင့်ရက်–ရုံးချိန်အတွင်း)
၃။	တင်ဒါစည်းကမ်းနှင့်ပုံစံရောင်းချမည့်နေရာ	– (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂၃)၊ မင်းရဲကျော်စွာလမ်းနှင့် ပြည်လမ်းထောင့်၊ ရန်ကုန်မြို့
၄။	တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်	– ၂၅–၂–၂၀၀၈ ရက်နေ့(၁၀း၀၀)နာရီမှ(၁၂း၀၀)နာရီထိ
၅။	တင်ဒါဖွင့်လှစ်လေလံတင်မည့်ရက် အချိန်နှင့်နေရာ	– ၂၅–၂–၂၀၀၈(တနင်္လာနေ့) (၁၃း၀၀)နာရီ အထွေထွေစီမံခန့်ခွဲရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
၆။	တင်ဒါတစ်စုံဈေးနှုန်း	– ၁၀၀၀ိ(ကျပ်တစ်ထောင်တိတိ)

မှတ်ချက်–အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း–၀၆၇–၄၁၁၃၄၂၊ ၄၁၁၁၉၅

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပရီမီယာလိဂ် အလှည့်အပြောင်းလေလား . . . . . ဆူဆူညံညံ အင်္ဂလိပ်ဘောလုံးလောကအသံ

ပရီမီယာလိဂ်ပွဲစဉ်(၂၆)ဟာ ရင်ခုန်သံမြန်စေတဲ့ပွဲစဉ်ဖြစ်ပါတယ်။ အမှတ်ဇယားမှာ စတုတ္ထရနေတဲ့ အဲဗာတန်အသင်းကို အမှတ်ဖြတ်ထားတဲ့ ပထမ၊ ဒုတိယနဲ့ တတိယနေရာက အသင်းသုံးသင်းရဲ့ ယှဉ်ပြိုင်မှုက ပြင်းထန်နေသလို ဖိအားတွေကလဲ များပြားလှပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂၆)ရဲ့ ရလဒ်အဖြေကိုကြည့်ရင် အက်စ်တန်ဗီလာက နယူးကာဆယ်ကို (၄း၁)၊ ပို့စ်မောက်က ဘော်လ်တန်ကို(၁း၀)၊ တော့တင်ဟမ်က ဒါဘီကို(၃း၀)၊ အဲဗာတန်ကရီးဒင်းကို(၁း၀)၊ မစ်ဒယ်ဘရော့က ဖူလ်ဟမ်ကို(၁း၀)၊ ဆန်းဒါးလန်းက ဝီဂန်ကို(၂း၀)၊ မန်စီတီးက မန်ယူကို(၂း၁)၊ အာဆင်နယ်က ဘလက်ဘန်းကို(၂း၀)နှင့် အသီးသီး အနိုင်ရကြပြီး ဝက်စ်ဟမ်းနဲ့ ဘာမင်ဂန်က(၁း၁)၊ ချယ်လ်ဆီးနဲ့ လီဗာပူးက ဂိုးမရှိသရေကျခဲ့တာ တွေ့ရတယ်။

အာဆင်နယ်က မန်ယူကို ငါးမှတ်ဖြတ်ထားပြီး (၆၃)မှတ်နဲ့ ဦးဆောင်နေပါတယ်။ မန်ယူက(၅၈)မှတ်နဲ့ ဒုတိယ၊ ချယ်လ်ဆီးက (၅၅)မှတ်နဲ့ တတိယနေရာမှာရှိနေတယ်။

အိုးလ်ထရက်ဖို့ဒ်မှာ ကစားတဲ့ အိမ်ရှင်မန်ယူနဲ့ တစ်မြို့တည်းသား မန်စီတီးတို့ရဲ့ပွဲဟာ ပရီမီယာလိဂ် ပွဲစဉ်(၂၆)ရဲ့ အမှတ်တရအရှိဆုံးနဲ့ ၎င်းတို့နှစ်သင်းရဲ့ သမိုင်းမှတ်တမ်းဝင်စေမယ့် ပွဲတစ်ပွဲလည်းဖြစ်ပါတယ်။

မန်ယူ ဘောလုံးသမားတွေ လေယာဉ်ပျက်ကျလို့ သေဆုံးရတဲ့နှစ်(၅၀)ပြည့်နေ့နဲ့ တိုက်ဆိုင်နေလို့ အမှတ်တရအောက်မေ့ဖွယ် အခမ်းအနားကိုလဲ ပွဲမစမီ ပြုလုပ်ခဲ့ပါတယ်။ ဒီအခမ်းအနားကို မလုပ်ဖို့ မန်ချက်စတာမြို့ခံ ပရိသတ်အချို့နဲ့ မန်စီတီး ပရိသတ်တွေက ပွဲမတိုင်မီက ကန့်ကွက်ခဲ့ကြပါတယ်။နောက်က ချယ်လ်ဆီးကို အမှတ်ဖြတ်ဖို့နဲ့ ရှေ့က အာဆင်နယ်ကို အမှတ်မပြတ်အောင် လိုက်ဖို့ လုံးပန်းနေရတဲ့ မန်ယူဂုရုကြီး ဖာဂူဆန်အဖို့ အကျဉ်းအကျပ်ဖြစ်ရသလို မန်ယူဘောလုံးသမားတွေမှာလဲ ဖိအားတွေများနေရတယ်။ နှစ်သင်းရဲ့မန်နေဂျာတွေကိုယှဉ်ကြည့်ရင် မန်စီတီးနည်းပြ အဲရစ်ဆင်က အင်္ဂလန်လက်ရွေးစင် အသင်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးတယ်။ ပြီးတော့ဖာဂူဆန်

ဓာနည်ဦး

ကိုင်တဲ့ မန်ယူနဲ့အဲ ရစ်ဆင်တာဝန်ယူခဲ့တဲ့ကလပ်အသင်းတို့ကြုံတွေ့ခဲ့ရတဲ့သုံးကြိမ်စလုံးမှာလဲ အဲ ရစ်ဆင်ရဲ့အသင်းက သုံးကြိမ်စလုံး အနိုင်ရခဲ့တယ်။ ဒါဟာဖာဂူဆန်အတွက် ဖိအားဖြစ်စေခဲ့တယ်။

ဒီပွဲမှာ မန်ယူအသင်းရှေ့က တိုက်စစ်တွေ ဆင်နေပေမယ့် မန်ယူနောက်တန်းက ပေါက်နေတယ်။ ဒါကြောင့် ရှိုင်ယန်ဂစ်က ဒီနေ့ပွဲမှာ မန်ယူနောက်တန်း ကစားပုံ မကောင်းတဲ့အကြောင်း ပွဲအပြီးမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

မန်ယူက မန်စီတီးကို ရှုံးခဲ့ရတာဟာ ၁၉၇၄ခုနှစ်နောက်ပိုင်း အိမ်ကွင်းမှာ ပထမဆုံးရှုံးရချက်နာတဲ့ပွဲဖြစ်သလိုမန်စီတီး အနေနဲ့လဲ (၃၄)နှစ်အတွင်း မန်ယူရဲ့ အိမ်ကွင်းမှာ အိမ်ခံအသင်းကို ပထမဆုံး အနိုင်ယူလိုက်နိုင်တဲ့ ပွဲလဲဖြစ်ပါတယ်။နောက်တစ်ချက်ကလဲ ပထမနေရာက အာဆင်နယ်နဲ့မန်ယူဟာ ငါးမှတ်ကွာသွားစေခဲ့လို့ ပရီမီယာရဲ့ အလှည့်အပြောင်းလဲဖြစ်သွားနိုင်ပါတယ်။

အာဆင်နယ်၊မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ လက်ကျန်ပွဲအခြေအနေတွေကိုစိတ်ဝင်တစားနဲ့ဆက်လက်စောင့်ကြည့်ကြရဦးမှာ ဖြစ်ပါတယ်။

အခုတလော အင်္ဂလိပ်ဘောလုံးလောကမှာ လှုပ်ခါနေတဲ့ သတင်းတစ်ပုဒ်ကတော့ ပရီမီယာလိဂ်ပွဲစဉ်အချို့ကို ပြည်ပမှာထွက်ကစားမယ်ဆိုတဲ့ သတင်းပဲဖြစ်ပါတယ်။ ဒီအစီအစဉ်ကို စတင်စဉ်းစား အကောင်အထည်ဖော်တဲ့ပုဂ္ဂိုလ်ကတော့ ပရီမီယာလိဂ် အမှုဆောင်ဥက္ကဋ္ဌဖြစ်တဲ့ ရစ်ချတ်စကူဒါမိုးပဲဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲတွေကို ကမ္ဘာအရပ်ရပ်ကပရိသတ်တွေ စိတ်ဝင်စားလာအောင်ဆွဲဆောင်မှုတစ်ရပ်အဖြစ် လုပ်တာလို့ သူကဆိုပါတယ်။

အခု ပရီမီယာလိဂ် အမှုဆောင်ဥက္ကဋ္ဌ ရစ်ချတ်စကူဒါမိုးရဲ့ အစီအစဉ်က ပရီမီယာလိဂ်ပွဲစဉ်ကို ကမ္ဘာ့ပရိသတ် ပိုပြီးစိတ်ဝင်စားအောင်၊ ငွေရအောင် အပြောင်းအလဲတစ်ရပ်ဖြစ်အောင် လုပ်တာပါပဲ။ ဟောင်ကောင်၊ နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ စင်ကာပူ၊ ဆစ်ဒနီ၊ ဂျိုဟန်နက်စဘတ်၊ ဒူဘိုင်းနဲ့ ပေကျင်းစတဲ့ မြို့ကြီးတွေမှာ ပရီမီယာလိဂ်ပွဲ တစ်ပွဲကျင်းပမှာဖြစ်ပါတယ်။

ဒါပေမယ့် ဒီအစီအစဉ်ကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(F.A) က သဘောမတူပါဘူး။ ထို့အတူ ယူအီးအက်ဖ်အေကလဲ သဘောမတူပါဘူး။ဒါပေမယ့် သဘောတူတဲ့သူထဲက တစ်ဦးကတော့ ဗြိတိန်ဝန်ကြီးချုပ် ဂွန်ဘရောင်း ပါပဲ။ သူက ဒီအစီအစဉ်ကို သဘောကျကြောင်း၊ သို့သော် ဘောလုံးပရိသတ်ရဲ့ ဆန္ဒကိုတော့ အလေးထားသင့်ကြောင်း ပြောဆိုခဲ့ပါတယ်။

ပရီမီယာလိဂ်ပွဲမှာ ဦးဆောင်နေတဲ့ အာဆင်နယ်နည်းပြကြီး အာဆင်ဝင်းဂါးကတော့ ဒါဟာ ဆပ်ကပ်ပွဲ သဘောမျိုးပဲဖြစ်မယ်။ ဒီလိုလျှောက်ကစားနေရမယ်ဆိုရင် အင်္ဂလိပ်ဘောလုံးအသင်းတွေဟာ နည်းပြမှာစရာမလိုတော့ဘူး။ ခရီးသွားဖို့ဂျက်လေယာဉ်တွေပဲ ဝယ်ရတော့မယ်လို့ ပြက်ရယ်ပြု ဝေဖန်ခဲ့ပါတယ်။

အာရှက ရေနံစော်ဘွားတွေကတော့ဒီအစီအစဉ်ကို သဘောကျကြတယ်။ လာကစားဖို့လိုလိုလားလား ကမ်းလှမ်းကြတယ်။ ဂျပန်ဘောလုံး အဖွဲ့ချုပ်ကတော့ မကြိုက်ဘူး။ လက်မခံဘူးလို့ ကန့်ကွက်တယ်။ သူ့ဂျေလိဂ်ပွဲစဉ်တွေ ကမောက်ကမဖြစ်ပြီး ပရိသတ် လျော့သွားမှာ စိုးရိမ်ပုံရပါတယ်။

ကန့်ကွက်သံတွေ ညံနေပေမယ့် ပရီမီယာလိဂ် အမှုဆောင်ဥက္ကဋ္ဌကတော့ သူ့အစီအစဉ်ကို ဖြစ်မြောက်အောင် ဆက်လက်ကြိုးပမ်းသွားမယ်လို့ ခေါင်းမာမာနဲ့ ရပ်တည်နေပါတယ်။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (အောင်မြေသာစည်)၊ရွှေရတနာလမ်း၊ အမှတ် (၆၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၆၆)၊ ဧရိယာ (၀ဒသမ၁၂၉)ဧက အကျယ်ရှိ ဒေါ်ရှောင်ဖန် အမည်ပေါက်နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အဆိုပါအိမ်မြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ကွယ်လွန်သူဒေါ်ရှောင်ဖန်၏ အမွေစားအမွေခံများဖြစ်ကြသော ဒေါ်လှိုင်လှိုင်ဝင်း [၁၃/လရန(နိုင်)၀၅၇၉၄၅]+သုံးဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါအိမ်မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမောင်မောင်သန်း(တရားရုံးချုပ်ရှေ့နေ) ဒေါ်ခင်စောဦး(တရားရုံးချုပ်ရှေ့နေ)
လိုင်စင်အမှတ်(၇၃၅၃) လိုင်စင်အမှတ်(၆၇၀၂)
ရုံးအမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(အေ–၁)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကွာရှင်းပြတ်စဲခြင်းနှင့်အများသိစေရန်

(ဘ)ဦးဆန်နီ၊ (မိ) မစ္စလျှံဖိန်း(ခေါ်)အကိန်၏ သားဖြစ်သူ မောင်ကျော်သူရ(ခေါ်) SANYO(ဗိုလ်ချုပ်ဈေး၊21 CENTURY)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ [၁၂/တမန(နိုင်) ၁၀၂၃၃၂]နှင့် ကျွန်မ မလေးသက်မောင်(ခေါ်)ဂူးဂူးတို့သည် ၉–၉–၂၀၀၇ နေ့တွင် အကြင်လင်မယားအဖြစ် လက်ထပ်ခဲ့ပါသည်။

အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ် မောင်ကျော်သူရ(ခေါ်) SANYOသည် ကျွန်မအား

(၁) မိဘနေအိမ်သို့သွားရောက်လည်ပတ်တွေ့ဆုံရန် ပိတ်ပင်တားဆီးခြင်း၊
(၂) ကျွန်မ၏မိဘများအား ဆဲရေးတိုင်းထွာခြင်း၊
(၃) အဘိုး၊ အဘွား၊ ညီအစ်ကို မောင်နှမများထံသို့သွားရောက်လည်ပတ်ရန် ခွင့်မပြုခြင်း၊ ပိတ်ပင်တားဆီးခြင်း၊
(၄) အိမ်တွင်းသုံးစွဲရန် အသုံးစရိတ်ကို ဇနီးဖြစ်သူ ကျွန်မထံသို့ငွေကြေးတစ်စုံတစ်ရာ ပေးအပ်ခြင်း၊ အပ်နှံခြင်း(လုံး၀)မရှိခြင်း၊ ဝင်ငွေအားလုံးကို မောင်ကျော်သူရ(ခေါ်) SANYO တစ်ဦးတည်းမှ ချုပ်ကိုင်ထားခြင်း၊
(၅) ကျွန်မအား မကြာခဏ ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း။
(၆) ကျွန်မမိဘများထံမှ ကျပ်သိန်း(၁၂၀)ကို လိမ်လည်လှည့်ဖြားထုတ်ယူသွားပြီး ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်းမရှိခြင်း၊ မောင်ကျော်သူရ(ခေါ်) SANYOစိန်ပွဲစားလုပ်ကိုင်ရင်း စိန်အကြွေးများဝိုင်းလာပါသည်။ ကျွန်မသည် မောင်ကျော်သူရ(ခေါ်) SANYO ၏ ရိုက်နှက်နှိပ်စက် ညှဉ်းပန်းမှုဒဏ်ကို မခံမရပ်နိုင်တော့သည့်အတွက် မိဘများနေအိမ်သို့ ထွက်ခွာသွားခဲ့ရပါသည်။ ကျွန်မမိဘများ နေအိမ်တွင်ရှိနေစဉ် မောင်ကျော်သူရ (ခေါ်) SANYOသည် ကျွန်မနှင့် တစ်ကြိမ်လာရောက်တွေ့ဆုံပြီး ၎င်းထံသို့ပြန်လာရန်နှင့် ပြန်မလာပါက ပြန်လာရမည့်နည်းလမ်းကို သုံးပြမည်ဟု ခြိမ်းခြောက်ပြီး ၁၀–၂–၂၀၀၈နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)တွင် ကျွန်မအား“တခြားသူများရောင်းရန်အပ်နှံထားသော စိန်များကိုယူဆောင်၍ နေအိမ်မှထွက်ခွာသွားပြီး ယနေ့တိုင် အိမ်သို့ပြန်မလာဘဲပျောက်ဆုံးနေပါသည်”ဟု မဟုတ်မမှန်၊ မတရားစွပ်စွဲ အသရေဖျက်ကြေညာသည့်အတွက် မောင်ကျော်သူရ(ခေါ်) SANYO သည် ကျွန်မ မလေးသက်မောင်အပေါ် လင်ယောကျ်ား ခင်ပွန်း (တစ်)ဦးရှိသင့်၊ ရှိထိုက်သည့် ဝတ္တရားနှင့် ဇနီးအပေါ်ထားရှိရမည့် အကြင်နာတရားများ ကင်းမဲ့သည့်အတွက် (၁၁–၂–၂၀၀၈)နေ့မှစ၍ အကြင်လင်မယားခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ မိန်းမသားတစ်ဦးအပေါ် ထပ်မံနိုင်ထက်စီးနင်း၊ နှောင့်ယှက်အသရေဖျက်ခဲ့ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

မလေးသက်မောင်(ခေါ်)ဂူးဂူး
[၁၂/မဂတ(နိုင်) ၀၈၅၃၂၆]

Horizon Leagueဘတ်စကက်ဘောပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int’l Education Center တို့ပူးပေါင်း၍ ၂၀၀၇–၂၀၀၈ ရာသီ Horizon Leagueဘတ်စကက်ဘောပြိုင်ပွဲများကို ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ရက်က ကျိုက္ကဆံမိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် Red Starက WHOကို(၈၂–၃၁) မှတ်၊ Shadows က Last Vampire ကို (၅၄–၄၄) မှတ်၊ KKS က Filipinoကို (၇၉–၅၁) မှတ်၊ The Gyuts က CCY ကို (၄၈–၄၇) မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် SKYက Ballababies ကို (၂၀–၀) မှတ်၊ Kandawglay က Ballababiesကို (၉၄–၂၉) မှတ်ဖြင့် အနိုင်ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ Cow Boy နှင့် Red Star တို့က လေးပွဲနိုင်စီဖြင့် ထိပ်ဆုံးမှ ပူးတွဲဦးဆောင်နေပြီး KKS က သုံးပွဲနိုင်၊ Shadows က သုံးပွဲနိုင် တစ်ပွဲရှုံးဖြင့် နောက်မှလိုက်နေကြသည်။ (ကြေးမုံ)

အမျိုးသားပြိုင်ပွဲတွင် The Gyuts နှင့် CCY တို့ ယှဉ်ပြိုင်ကစားစဉ်။ (ကြေးမုံ)

ဓမ္မဗျူဟာနွေရာသီရက်တို သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗဟန်းမြို့နယ်၊ အမှတ်(၆)၊ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ နွေရာသီရက်တိုသင်တန်းအဖြစ် “ဘဝနေနည်းနှင့်သေနည်းဆိုင်ရာ အသုံးချ(အဘိဓမ္မာ)ကျင့်စဉ်သင်တန်း”ကို ဖေဖော်ဝါရီ ၁၆ရက်မှ မတ်၂၃ရက်အထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း)စုစုပေါင်း ၁၂ရက် မွန်းလွဲ ၁၂ နာရီခွဲမှညနေ၅နာရီအထိ ဓမ္မဗျူဟာဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဓမ္မဒါနအဖြစ်ပို့ချမည်ဖြစ်ရာ အသေးစိတ်အချိန်စာရင်းကို ဖုန်း–၃၈၀၈၈၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဦးဝင်းမြင့်(DIRECTOR EON ENGINEERING) သည် ကစားဖော်များဖြစ်ကြသော ဦးစိုးမင်းလတ်(SML DIAGNOSTIC CENTRE)၊ ဦးချို(SML DIAGNOSTIC CENTRE) တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း (ကိုးမိုင်ဂေါက်ကွင်း)၌ ဂေါက်သီးရိုက်ကစားကြစဉ် NIKE No(5) ဘောလုံးကို CALLAWAY IRON No(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သိရှိရသည်။ (ကြေးမုံ)

တွံတေးအရှင်ဣန္ဒက တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ၂နာရီတွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ မြောက်ဒဂုံ ဓမ္မသဘင်နှင့် ယင်းည ၇နာရီတွင် ဘုမ္မာအနောက် (ည)ရပ်ကွက် မြောက်ဥက္ကလာပ ဓမ္မသဘင်၊ ၁၅ရက်ညတွင် ရန်ကြီးအောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲ (ဃ)ရပ်ကွက် မြောက်ဥက္ကလာပ ဓမ္မသဘင်၊ ၁၆ရက် ည၇နာရီတွင် နန္ဒဝန်ဈေးဓမ္မာရုံ တောင်ဥက္ကလာပ ဓမ္မသဘင်နှင့် ယင်းည ၈နာရီခွဲတွင် မြစေတီ သာကေတ ဓမ္မသဘင်၊ ၁၇ရက် ညတွင် သရော်တောရွာ သုံးခွမြို့နယ်ဓမ္မသဘင်၊၁၈ရက်ညတွင်အုတ်တွင်းမြို့နယ် ပဲခူးတိုင်း ဓမ္မသဘင်၊ ၁၉ရက်ညတွင် သိမ်ဇရပ်မြို့ ဓမ္မသဘင်၊ ၂၀ရက်ညတွင် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ် ရှင်ပြုအလှူဓမ္မသဘင်၊ ၂၁ရက်ညတွင် စံပြ ဖ–ဆ–ပ–လ ရပ်ကွက်လုံးဆိုင်ရာ ဓမ္မသဘင်၊ ၂၂ရက်ည ၈နာရီတွင် လှိုင်သာယာ (၁၀)ရပ်ကွက် နတ်မောက်လမ်း ဓမ္မသဘင်၊ ၂၃ရက်ညတွင် ဒါးပိန် လှည်းကူးမြို့နယ် ဓမ္မသဘင်၊ ၂၄ရက် ညတွင် မြောက်ဥက္ကလာပ ဓမ္မသဘင်၊ ၂၅ရက်မှ ၂၆ရက်အထိ ရန်အောင်မြေ ဆွမ်းအောင်ပွဲ ဓမ္မသဘင် မိတ္ထီလာမြို့၊ ၂၇ရက်ညတွင် အောင်မြေရတနာကျောင်း ပခုက္ကူ ဓမ္မသဘင်၊ ၂၈ရက်ညတွင် လင်းလွန်းလမ်း စမ်းချောင်းမြို့နယ် ဓမ္မသဘင်၊ ၂၉ရက် မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်ဒဂုံ ဓမ္မသဘင်၊ ယင်းည ၇နာရီတွင် နှစ်(၁၀၀)ရာပြည့် စေတနာ သဗ္ဗာရ ဝတ်အသင်း ကြည့်မြင်တိုင်ဓမ္မသဘင်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ အရှင်သောဘဏ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇဓမ္မာစရိယ)နှင့်၂၀ရက်တွင် အရှင်ခေမိန္ဒ (သာသနာပြုနယ်လှည့်ဓမ္မကထိက စစ်ကိုင်းခင်မကန်)တို့က ညစဉ် ၇နာရီမှ စတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲ
ရက်ရွှေ့ဆိုင်းခြင်း

၁၅–၂–၂၀၀၈(သောကြာနေ့) မွန်းလွဲ၂းဝဝနာရီ သီရိအဏ္ဏဝါခန်းမ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဖိတ်ကြားထားသည့် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ရက်ရွှေ့ဆိုင်းလိုက်ပါသည်။(ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်းသွယ်(၁)၊ အမှတ်(၁၅)နေ ဦးငွေမောင်ဝင်း B.V.S(Ygn)– ဒေါ်ရီရီကြိုင် B.V.S(Ygn) တို့၏ သားဦး

မောင်ကျော်စွာ B.A(Philosophy)
2nd Yr. International Computer and Business College Japanese Language School Tokyo, Japan

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ်(၇၀)၊တတိယထပ်နေ ဦးကျော်ရှိန်မြင့်(LL.B)(တရားရုံးချုပ်ရှေ့နေ)–ဒေါ်စန်းစန်းမြင့်တို့၏သမီး

မဆွေဇင်နွယ်(ခ)ဇာဇာ 1st Yr. Eco,
Dip: in Japanese, Logos International Institute, Japan.
Dip: in English, Tes Tokyo English Specialist College, Tokyo Japan.
Office Staff, International Computer and Business College Japanese Language School, Tokyo, Japan

တို့၏ ၇–၂–၂၀၀၈ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တရားရုံးဦးစီးအရာရှိ ဒေါ်မေသက်ဦးအားလည်းကောင်း၊ ၈–၂–၂၀၀၈ရက်နေ့တွင် နေအိမ်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၃–၂–၂၀၀၈ရက်နေ့၌ Traders Hotel တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးထိန်ဝင်း(ရေ)(ငြိမ်း)နှင့် ဇနီးဒေါ်အေးမာလာ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဗိုလ်မှူးမြန်ချစ်(ငြိမ်း)နှင့် ဇနီးဒေါ်ခင်အေးဝင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ပရိသတ်များအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် စိမ်းမို့မို့၊ CUPIDတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင် အောင်အောင်(တောင်ကြီး)၊ မင်္ဂလာပန်းကြဲပေးသော မနီနီစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းနွေးနွေးလှိုင်၊ သတို့သားအရံ မောင်စည်သူ၊ သတို့သမီးအရံ မမေရတနာဝင်းနှင့် Traders Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများ အားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာ–မဆွေဇင်နွယ်(ခ)ဇာဇာ

မင်္ဂလာဆုတောင်း

ပဲခူးမြို့၊ စိန်ဘယက်ဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေးသမားတော် ဆရာဦးကြည်လင်း–ဆရာမ ဒေါ်ချိုချိုမာတို့၏ ၁၄–၂–၂၀၀၈ရက်နေ့တွင် ကျရောက်သည့် မင်္ဂလာရက်မြတ် အခါသမယမှသည် ချစ်သောဇနီးမောင်နှံတို့ ရွှေရတု၊စိန်ရတုမှသည် နှစ်ပေါင်း(၁၂၀)တိုင် ကျန်းမာချမ်းသာစွာဖြင့် လုပသော အနာဂတ်ကာလများကို ဖန်တီးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မေမေ ဒေါ်တင်မြ၊ မေမေ ဒေါ်ရင်နွဲ့
ချစ်သော ညီ၊ ညီမများနှင့်
ချစ်သား၊ ချစ်သမီးများ

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် အောင်စကြာအရှင်စန္ဒသိရီသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် လှိုင်သာယာမြို့နယ် ထန်းတပင်လမ်းဆုံ ကိုလှမိုး–မသင်းသင်းလှိုင်တို့၏ ဓမ္မသဘင်၊ ၁၅၊ ၁၆၊ ၁၇ ရက်များတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဓမ္မသဘင်၊ ၁၉ ရက်တွင် ပဲခူးတိုင်း ဝေါမြို့နယ် ဖိုးစိန္တာကျေးရွာ လေညွှင်းသာကျောင်းတိုက် အထူးတရားပွဲ ဓမ္မသဘင်၊ ၂၁ ရက်တွင် ဝါးခယ်မမြို့နယ် ရွှေဝါချောင်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲဓမ္မသဘင်၊ ၂၂ ရက်တွင် ကျောင်းကုန်းမြို့နယ် ကိုင်းတာကျေးရွာ ဓမ္မသဘင်၊ ၂၄ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဦးအေးလမ်း မဟာဒုက် ဆွမ်းအောင်ပွဲဓမ္မသဘင်၊ ၂၅ ရက်တွင် မှော်ဘီမြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၉) ဓမ္မဗိမာန်တော်ကြီး ရေစက်ချဓမ္မသဘင်တို့၌ သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပြည်မြို့၊ စစ်ကဲလမ်းနေ ဒေါက်တာဦးသိန်းလွင်(ကျန်းမာရေးအရာရှိ–ငြိမ်း၊စစ်ကိုင်းတိုင်း)– ဒေါ်တင်တင်အောင်(ဇော်စက်ဘီးဆိုင်)တို့၏ သားထွေး

မောင်အောင်မြတ်လွင် B.E(Electronic) (YTU),
M.Sc(Computer Control & Automation) (NTU, Singapore)

နှင့်

ရန်ကုန်မြို့၊ (၉)မိုင်၊ မစိုးရိမ်ကျောင်းလမ်းနေ ဦးအောင်မြင့်သိန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)– ဒေါ်မြမြဝင်း(အထက်တန်းပြ–ငြိမ်း၊ အထက–၄၊ အလုံ)တို့၏ သမီးထွေး

မမြသန္တာ B.E(Electrical Power (YTU),
M.Sc(Mechatronics) (NUS, Singapore)

တို့၏ ၇–၂–၂၀၀၈ရက်တွင် လက်မှတ်ရေးထိုးပေးသော ဒေါ်တင်ကြူကြူဝင်း(ဦးစီးအရာရှိ၊ရန်ကုန်တိုင်းတရားရုံး)အားလည်းကောင်း၊ ၁၀–၂–၂၀၀၈ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာဝင်းမြင့်(ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး–ငြိမ်း၊ဆေးတက္ကသိုလ်၊မန္တလေး)နှင့် ဒေါက်တာခင်သိန်းဦး (သားဖွားမီးယပ်ပညာဌာန၊ ပါမောက္ခ–ငြိမ်း၊ ဆေးတက္ကသိုလ်–၁၊ရန်ကုန်)အား လည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော သီရိသုဓမ္မမဏိဇောတဓရ ရွှေပင်ငွေပင် ဦးသန်းထွန်းနှင့် ဒေါ်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)အားလည်းကောင်း၊ ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)နှင့် ဇနီးတို့အားလည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများအားလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်နှင့် ဇနီး၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ တပ်မတော်ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန ပါမောက္ခ၊ဌာနမှူးအားလည်းကောင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာအောင်ခန့်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာနီလာစိုးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော လဲ့ရည်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဟေမာန်ကျော်ဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် နွဲ့ယဉ်ဝင်းနှင့် မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ မိတ်ကပ် ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့်မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံ ရိုက်ကူးပေးသော ကိုသိန်းနိုင်(နေခြည်)နှင့်အဖွဲ့၊ ညွှန့်ပုံနှိပ်တိုက်မိသားစုတို့အားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအတွက် ကားကူညီပေးသော ဦးစံကြည်၊ ဒေါ်မူမူသန်း(ပတ်ကားရွှေဆိုင်)၊ ဦးညိုဦး(မန်နေဂျာ၊ မြန်မာ့မီးရထား)၊ဒေါ်တင်တင်စိုး၊ ဦးခင်တိုး (1st Engineer)၊ ဒေါ်အေးချိုချိုထွန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော မိတ်သင်္ဂဟ များအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲကျင်းပရေးအတွက် ဝိုင်းဝန်း ကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြတ်လွင်–မမြသန္တာ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၅၃၂)နေ
ဦးမောင်သန်း (Director, Shwe Thitsar Mon Co., Ltd.) + ဒေါ်လချိမ်း တို့၏သားဦးရတနာ
ဦးသိန်းဝင်း (Diamond Star Jewellery Trading) + ဒေါ်နီလာ တို့၏တူ

မောင်ဝင်းထိန် B.A (B.M)

နှင့်

(ဦးလှမြင့်) + ဒေါ်သီတာ တို့၏သမီးရတနာ ၊ ဦးမောင်မောင်ဆန်း + ဒေါ်ချယ်ရီဝင်း
("မောင်မောင်ဆန်း" ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၊ ရွှေဘုံသာလမ်း) တို့၏တူမ

မနီလာမြင့်

တို့၏ ၁၀-၂-၂၀၀၈ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမြတ်သင်းအောင် (ဥက္ကဋ္ဌ Aung Aung Groups of Companies) ဘဏ္ဍာရေးမှူး (ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်) နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (MD.Aung Aung Enterprise) လူမှုထူးချွန် (ပထမဆင့်)၊ ဥက္ကဋ္ဌ-မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် နှင့်ဇနီး သုဓမ္မသီဂီ ဒေါ်ခင်ခင်စိန် (SEIN YADANAR GEMS & JEWELLERY) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူး၊ မိတ်ကပ်နှင့် ပန်းအလှဆင်မြန်းပေးသော မမေသကြည် တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံညစာစားပွဲသို့ ကြွရောက်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းထိန်-မနီလာမြင့်

ထင်အောင်ဦး

B.A(Hons:), M.A
Make Up & Floral
အမှတ်(၁၅၉)၊ ပ–ထပ်, ၄၇–လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉၅၁ ၂၂၅၀၆

ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၂–၂၀၀၈ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)ပါ ထိမ်းမြားလက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ ကြော်ငြာတွင် မောင်ကျော်လွင်နှင့် မမိုးခင်ခင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရွှေပါရမီ သွေးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ဆေးရုံကြီးအမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနှင်းဝင့်ဖြူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဥကမ(နိုင်)၁၈၁၀၇၁] နှင့် မနလစာအုပ်အမှတ် PP 903227 တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph : 0951 79738

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိ မြောင်းချောင်းတံတား ဆောက်လုပ်မှုလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန် ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ ဂန့်ဂေါ-ကလေး လမ်းတစ်လျှောက် ကလေး ခရိုင်အတွင်းရှိ လမ်း၊ တံတားတည်ဆောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ မှာကြားကာ စက်ယန္တရားများဖြင့် ဂန့်ဂေါဘက်ကမ်း တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြောင်းချောင်းတံတားမှာ အရှည် ၁၈၅ပေရှိပြီး ဘေလီ သံပေါင်နှင့် သံပေါင်သံကူ ကွန်ကရစ်ကြမ်းခင်းတံတား အမျိုးအစားဖြစ်ပြီး အောက်ခြေရေတွင်းခွေ အုတ်မြစ်ဖြင့် ယာဉ်သွားလမ်း အကျယ် ၁၀ ပေ၊ ၁၀ လက်မခွဲ ရှိ၍ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၂၀ ဖြစ်သည်။

ယခုအခါ မြောင်းချောင်းတံတား၏ ကလေးဘက် ကမ်းကပ်ခုံတစ်ခုနှင့် ရေလယ်တိုင်တစ်ခု ဆောင်ရွက်ပြီးစီး၍ ကျန်ဂန့်ဂေါဘက်ရှိ ရေလယ်တိုင်၏ တံတားတိုင် ကန့်လန့်ဖြတ်ရက်မ သွန်းလောင်းလျက်ရှိပြီး ကမ်းကပ်ခုံမှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယူနန်-အာဆီယံ ရထားလမ်းတစ်သွယ်၏မြေပုံကို တွေ့ရစဉ်။

ယူနန်-အာဆီယံ ရထားလမ်း ဖောက်လုပ်ရေး အရှိန်မြှင့်

ကူမင်း ဖေဖော်ဝါရီ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ ယူနန်ပြည်နယ်နှင့် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနိုင်ငံတို့ ဆက်သွယ်သော အပြည်ပြည်ဆိုင်ရာ ရထားလမ်းလေးလမ်းဖောက်လုပ်မှုအရှိန်ကို မြှင့်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➲

ကြေးမုံ The Mirror **ယနေ့ သတင်း၊ဆောင်းပါးအညွှန်း**

တိမ် အသင့်အတင့် နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ချဒ်သူပုန်များ မြို့တစ်မြို့သိမ်း၊ အရှေ့တီမော၌ အရေးပေါ်အခြေအနေကြေညာ၊ ဆိုးလ်မြို့မှ သမိုင်းအမွေမီးရှို့သူ သက်ကျားအို ဖမ်းမိ။ (နိုင်ငံတကာသတင်းများ) စာမျက်နှာ-၄၊၅

အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲ "ဆင်တစ်စီးနှင့် မြည်းနှစ်ကောင်" လှိုင်အောင်၏ဆောင်းပါး စာမျက်နှာ-၆

ခေါင်းတစ်ခြမ်းကိုက်ဝေဒနာကု အောက်စ်ကာဘာဇပင်းဆေး ထိရောက်မှု မရှိဟု သုတေသနစာတမ်းတွင်ဖော်ပြ

နယူးယောက် ဖေဖော်ဝါရီ ၁၃

ဝက်ရူးပြန်ရောဂါကုသဆေးဖြစ်သည့် အောက်စ်ကာဘာဇပင်းသည် ခေါင်းတစ်ခြမ်းကိုက်ရောဂါကို ကာကွယ်နိုင်သော ဆေးဝါးအဖြစ် အသုံးပြုနိုင်ဖွယ်ရာမရှိကြောင်း သုတေသနစာတမ်းအသစ်တစ်စောင်တွင် ဖော်ပြထားသည်။

ထိုစာတမ်းတွင် ဖော်ပြထားသော တွေ့ရှိချက်သည် အခြားသုတေသနပြုလုပ်ချက်များမှ ရလဒ်များနှင့်မတူဘဲ ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရသည်ဟု ဆိုသည်။

ဝက်ရူးပြန်ရောဂါကို ကုသရာ၌သုံးစွဲသောဆေးဝါးကို ခေါင်းတစ်ခြမ်းကိုက်ရောဂါ ကာကွယ်ရေးအတွက် အသုံးပြုကြသည်ဟု ဖီလာဒဲလ်ဖီးယားဒေသရှိ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨**

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား